

# တည်ကြည်ဖြောင့်မတ်စွာ ပြုမူခြင်း

## Celestica လုပ်ငန်း စီမံခန့်ခွဲ အုပ်ချုပ်ပုံ

Celestica™

# ကျွန်ုပ်တို့၏ တန်ဖိုးများ

## ပူးပေါင်းဆောင်ရွက်မှု

ကျွန်ုပ်တို့၏ နားလည်မှုရှိကာပြီး အချင်းချင်း သင်ယူကြကာ ပိုမို ကောင်းမွန်သော အနာဂတ်ဆီသို့ အတူတူ တက်လှမ်းနကြေ ပါသည်။

## ထွင်ဉာဏ်

ကျွန်ုပ်တို့သည် ဖန်တီးနိုင်စွမ်း၊ တီထွင်ဆန်းသစ်မှုနှင့် အကျိုး ရလဒ်များအတွက် စံနှုန်း သတ်မှတ်ထားပါသည်။

## ယုံကြည်မှု

ကျွန်ုပ်တို့သည် ဖြေရှင်းနည်းများ ရှာဖွပေါင်းြကျွန်ုပ်တို့၏ လက်ရာ များနောက်ကွယ်တွင် ဂုဏ်ယူစွာဖြင့် ရပ်တည်ပေးနပေါသည်။

## ဂရုစိုက်မှု

ကျွန်ုပ်တို့သည် တာဝန်ခံမှု၊ တည်ကြည်မှုနှင့် လေးစားမှုတို့ဖြင့် မကောင်းနှင်လုပ်ကိုင်နသေော စိတ်ချရသည့် လက်တွဲဖော်တစ်ဦး ဖြစ်ပါသည်။

# မာတိကာ


Rob Mionis ထံမှ အမှာစကား 1

BCG ကို မိတ်ဆက်ပေးခြင်း 2

**မိမိကိုယ်တိုင် ကျင့်ဝတ်ညီစွာ ပြုမူလုပ်ကိုင်ခြင်း 3**

မှတ်တမ်းထားရှိခြင်းနှင့် ငွေကြေးပိုင်း အစီရင်ခံတင်ပြခြင်း 4

ခွဲခြားဆက်ဆံမှု၊ နှောင့်ယှက်မှုနှင့် အရက်နှင့်ဆေးစွဲမှုဆိုင်ရာ Celestica ၏ မူဝါဒများ 5

ကျင့်ဝတ်များဆိုင်ရာ ဆုံးဖြတ်ချက် ဇယား 6

**ကျွန်ုပ်တို့၏ လုပ်ငန်း စီမံလုပ်ကိုင်ခြင်းနှင့် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းများကို ပံ့ပိုးဖြည့်ဆည်းပေးခြင်း 7**

မျှတသော အရောင်းအဝယ်များ – ဖောက်သည်များနှင့် ပစ္စည်းသွင်းသူများ 7

လာဘ်ပေးလာဘ်ယူမှုများနှင့် လက်ဆောင်များဆိုင်ရာ Celestica ၏ မူဝါဒများ 8

ကော်ပိုရိတ် လာဘ်ပေးလာဘ်ယူမှုများကို နားလည်ထားခြင်း 9

အကျိုးစီးပွား ပဋိပက္ခများကို ရှောင်ကြဉ်ခြင်း 10

ကော်ပိုရိတ်နိုင်ငံသားကောင်းတစ်ဦးအဖြစ် Celestica ၏ ဂုဏ်သတင်း 11

**ကျွန်ုပ်တို့၏ အဖိုးတန်အရာများကို ကာကွယ်ခြင်း 12**

Celestica ၏ အဖိုးတန်ပစ္စည်းများကို လက်ခံလောက်သော အသုံးပြုမှု 12

လျှို့ဝှက်ရေးနှင့် ဒေတာ သီးသန့်တည်ရှိရေး 13

**ဥပဒေ၊ ပုဂ္ဂိုလ်ရေး တာဝန်ခံမှုနှင့် ချိုးဖောက်မှုများကို လိုက်နာခြင်း 14**

အတွင်းလူ စီးပွားရေးလုပ်ခြင်း 14

ကုန်သွယ်မှု လေးစားလိုက်နာရေး 15

**ဖွင့်ဟထုတ်ပြောခြင်း သို့မဟုတ် အကူအညီတောင်းခြင်း 16**

ချိုးဖောက်မှုများကို တိုင်ကြားနည်း 16


ဇွန်လ 2025



# ROB MIONIS ထံမှ အမှာစကား

ခင်မင်ရပါသော လုပ်ဖော်ကိုင်ဖက်များ၊

Celestica တွင် ကျွန်ုပ်တို့၏ ဂုဏ်သတင်းသည် ကျွန်ုပ်တို့အတွက် တန်ဖိုးအကြီးဆုံး အဖိုးတန်ပစ္စည်း ဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်မှု၊ ထွင်ဉာဏ်၊ ယုံကြည်မှုနှင့် ဂရုစိုက်မှုဆိုသည့် ကျွန်ုပ်တို့၏ အဓိက တန်ဖိုးများအတွက် တာဝန်ခံ၍ လုပ်ကိုင်ပေးနေကြသော ကမ္ဘာအနှံ့မှ ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် ကျွန်ုပ်တို့၏ ဂုဏ်သတင်းအတွက် အဓိကကျသူများ ဖြစ်ပါသည်။

ဝန်ထမ်းအားလုံးအား မိမိတို့ ဝန်ထမ်း အချင်းချင်းသာမကဘဲ ကျွန်ုပ်တို့၏ ဖောက်သည်များ၊ ပစ္စည်းသွင်းသူများ၊ မိတ်ဖက်များ၊ ရှယ်ယာရှင်များအပြင် အသိုင်းအဝိုင်းများနှင့်ပါ ကျင့်ဝတ်ညီပြီး တာဝန်သိသော နည်းလမ်းဖြင့် ပူးပေါင်းလုပ်ကိုင်ကြောင်း သေချာစေရန် ကတိပြုထားသည့် ကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်ပေးရခြင်းအတွက် ဂုဏ်ယူစေလိုပါသည်။

ဤသို့ဖြစ်လာစေရန် ကျွန်ုပ်တို့သည် Business Conduct Governance Policy (BCG၊ လုပ်ငန်း စီမံခန့်ခွဲအုပ်ချုပ်ပုံ မူဝါဒ) နှင့် Responsible Business Alliance (RBA၊ တာဝန်သိသော လုပ်ငန်း မဟာမိတ်) ကျင့်ဝတ်စည်းကမ်းတွင် ဖော်ပြထားသော ကျွန်ုပ်တို့၏ တန်ဖိုးများနှင့် လုပ်ငန်း ကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရပါသည်။ အဆိုပါ မူဝါဒများမှတစ်ဆင့် ကျွန်ုပ်တို့အားလုံးက လုပ်သင့်သောအရာများကို လုပ်နေကြောင်း သေချာစေမည့် စံနှုန်းများကို ကျွန်ုပ်တို့ ချမှတ်ထားပါသည်။

ကျွန်ုပ်တို့တစ်ဦးချင်းသည် ဤအဖွဲ့အစည်း၏ တည်ကြည်ဖြောင့်မတ်မှု သေချာစေရေးတွင် အဓိက ကဏ္ဍမှ ပါဝင်နေပေါသည်။ ကျွန်ုပ်တို့၏ ကျင့်ဝတ်စံနှုန်းများကို ဆန့်ကျင်သော အပြုအမူ သို့မဟုတ် လုပ်ရပ်များကို တိုင်ကြားပေးရန်မှာ ကျွန်ုပ်တို့၏ ဘုံတာဝန် ဖြစ်ပါသည်။ ဝန်ထမ်းများအနေဖြင့် ကျင့်ဝတ်ကိစ္စနှင့်ပတ်သက်၍ မေးခွန်း သို့မဟုတ် စိုးရိမ်မှု ရှိပါက ၎င်းတို့၏ မန်နေဂျာ သို့မဟုတ် လူသားရင်းမြစ်ဌာနနှင့် တိုင်ပင်ဆွေးနွေးရန် သို့မဟုတ် compliance@celestica.com သို့ အီးမေးလ်ပို့ရန် တိုက်တွန်းအပ်ပါသည်။ ဝန်ထမ်းများသည် စိုးရိမ်မှုကို Celestica ၏ ခေါ်ဆိုသူအခမဲ့ Ethics Hotline (ကျင့်ဝတ်များ သီးသန့်ဖုန်းလိုင်း) သို့မဟုတ် လုံခြုံစိတ်ချရသော အွန်လိုင်း ဝဘ်အခြေပြုပြုလ်မှတစ်ဆင့်လည်း တိုင်ကြားနိုင်ပါသည်။

တည်ကြည်ဖြောင့်မတ်စွာ ပြုမူခြင်းသည် Celestica က ကျွန်ုပ်တို့အားလုံး ဂုဏ်ယူဝင့်ကြွားစွာ အလုပ်လုပ်ကိုင်နေသည့် နေရာတစ်ခု ဆက်လက်ဖြစ်နေစေရေးအတွက် အလွန်တရာ အရေးကြီးသည်ကို သတိရပေးပါ။ သင်တို့၏ အကူအညီဖြင့်ဆိုပါက Celestica သည် ကျွန်ုပ်တို့၏ ဖောက်သည်များအတွက် ယုံကြည်စိတ်ချရသော



မိတ်ဖက်နှင့် ကျင့်ဝတ်ညီပြီး တာဝန်သိသော ကော်ပိုရိတ် နိုင်ငံသားဆိုသည့် ၎င်း၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။

သင်တို့၏ ကတိကဝတ်အတွက် ကျေးဇူးတင်ပါသည်။

Rob Mionis
ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

# BCG ကို မိတ်ဆက်ပေးခြင်း

Celestica သည် ကျွန်ုပ်တို့၏ ဖောက်သည်များအနေဖြင့် ပိုမိုကောင်းမွန်သော တန်ဖိုး၊ အလားအလာကောင်းနှင့် အကျိုးရလဒ်များကို လက်တွေ့ဖြစ်အောင်လုပ်နိုင်စေရန်အတွက် ကူညီပေးရန်အလို့ငှာ ယုံကြည်စိတ်ချရသော ဆက်ဆံရေးများကို တည်ဆောက်ပေးကာ ရှုပ်ထွေးသော နည်းပညာ စိန်ခေါ်မှုများကို ဖြေရှင်းပေးပါသည်။ ဤကတိအတိုင်း ဖြည့်ဆည်းပေးရန်အလို့ငှာ ကျွန်ုပ်သည် တည်ကြည်ဖြောင့်မတ်စွာ ပြုမူရမည်ဖြစ်ပြီး ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များ၊ ပစ္စည်းသွင်းသူများ၊ မိတ်ဖက်များ၊ အစုရှယ်ယာရှင်များအပြင် အသိုင်းအဝိုင်းများနှင့် ကျင့်ဝတ်ညီပြီး တာဝန်သိစွာ ပြုမူလုပ်ဆောင်ရပါမည်။

ဤ BCG မူဝါဒသည် လုပ်ငန်းလုပ်ရန် Celestica ၏ ချဉ်းကပ်ပုံကို ဖော်ပြပေးပြီး Celestica အဖြစ် ကျွန်ုပ် ကတိပြုလုပ်ကိုင်ရမည့် ကျင့်ဝတ်ညီပြီး ဥပဒေနှင့်ညီသော စံနှုန်းများကို ဖော်ပြပေးပါသည်။ ဤကတိကဝတ်သည် ဂုဏ်သိက္ခာ ရင်းမြစ်ထက်ပိုပြီး ကျွန်ုပ်တို့ ဘယ်သူဘယ်ဝါ ဖြစ်သည်ဆိုသည့်အချက်၏ ဗဟိုချက်ဖြစ်သည်။ BCG သည် အဆိုပါ မျှော်မှန်းချက်များအတိုင်း ကျွန်ုပ်ရှင်သန်နေထိုင်နိုင်စေရန် ကူညီပေးမည့် မူဝါဒများကို ခွဲခြားဖော်ပြပေးသည်၊ မူဝါဒများက ဆိုလိုသည့်အရာများ၏ ဥပမာများကို ဖော်ပြပေးသည့်အပြင် ကျွန်ုပ်အား မေးခွန်းများ မေးရမည့်အချိန်၊ အကူအညီအတွက် သွားရမည့်နေရာနှင့် ကျင့်ဝတ်ညီပြီး ဥပဒေနှင့်ညီသော အပြုအမူက အရေးပါရသည့် အကြောင်းရင်းတို့ကိုလည်း ပြောပြပေးပါသည်။

BCG ကို ကျွန်ုပ် ချိုးဖောက်ပါက အလုပ်ထုတ်ခြင်းအထိ ပါဝင်သော စည်းကမ်းနှင့်အညီ အရေးယူခံရမည်ဖြစ်သည်ကို ကျွန်ုပ်နားလည်ပါသည်။

# ကျွန်ုပ်ကိုယ်တိုင် ကျင့်ဝတ်ညီစွာ ပြုမူလုပ်ကိုင်ခြင်း

ကျင့်ဝတ်များသည် Celestica ရှိ ကျွန်ုပ်တို့၏ တန်ဖိုးများ၏ အဓိက အပိုင်းတစ်ခု ဖြစ်သည်။ ကျင့်ဝတ်ညီစွာ ပြုမူခြင်းသည် မှန်ရာကို လုပ်ခြင်းဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့ အားလုံးသည် ကျွန်ုပ်တို့ ကိုယ်တိုင်နှင့် Celestica အတွက် မှန်ကန်သော အရာများကို လုပ်လိုကြပါသည်။ BCG သည် Celestica နှင့် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များ၊ ပစ္စည်းသွင်းသူများ၊ အစိုးရများနှင့် အသိုင်းအဝိုင်းများအတွက် ကျွန်ုပ်၏ တာဝန်များကို ဖွင့်ဆိုသတ်မှတ်ပေးခြင်းဖြင့် ကျွန်ုပ်အား လမ်းညွှန်ပေးပါသည်။

## ကျွန်ုပ်က တည်ကြည်ဖြောင့်မတ်စွာ ပြုမူပါသည်

ကျွန်ုပ် ပြောသမျှ၊ လုပ်သမျှ အရာတိုင်းသည် ကျွန်ုပ်၏ ဂုဏ်သတင်းနှင့် Celestica ၏ ဂုဏ်သတင်းအပေါ် သက်ရောက်မှုရှိသည်ကို ကျွန်ုပ် နားလည်ပါသည်။ ကျွန်ုပ်၏ လုပ်ရပ်များက Celestica ၏ အကျိုးစီးပွားများနှင့် ဂုဏ်သတင်းအပေါ် အပျက်သဘော သက်ရောက်မှု ရှိပါက အလုပ်ထုတ်ခံရခြင်းအထိ ပါဝင်သော စည်းကမ်းနှင့်အညီ အရေးယူမှုခံရမည်ဖြစ်ကြောင်းကို ကျွန်ုပ် နားလည်ပါသည်။ ကျွန်ုပ်သည် BCG အပါအဝင် ကျွန်ုပ်တို့၏ တန်ဖိုးများနှင့် မူဝါဒများကို လက်ကိုင်ပြုလုပ်ကိုင်ရန် ကတိပြုပါသည်။ ကျွန်ုပ်သည် လုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များ၊ ပစ္စည်းသွင်းသူများ၊ ပြိုင်ဘက်များအပြင် အသိုင်းအဝိုင်းနှင့် ကျွန်ုပ်၏ ဆက်ဆံရေးတွင် မျှတပြီး ရိုးသားမှု ရှိပါသည်။

## ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်တိုင်အတွက်သာ ပြောဆိုပါသည်၊ Celestica အတွက် မပြောဆိုပေးပါ

Celestica နှင့် ပတ်သက်၍ ပြောရေးဆိုခွင့်မရှိဘဲ မီဒီယာ သို့မဟုတ် အင်တာနက်အခြေပြု လူမှုကွန်ရက် တူးလ်များမှတစ်ဆင့် လူသိရှင်ကြား ထုတ်ပြန်ချက်များကို မည်သည့်အခါမျှ မထုတ်ပြန်သင့်ကြောင်းကို ကျွန်ုပ် သိနားလည်ပါသည်။ Celestica ကိုယ်စား လူသိရှင်ကြား ပြောဆိုခွင့် မရှိပါက၊ မီဒီယာ သို့မဟုတ် အခြားလူများထံမှ မေးခွန်းများ သို့မဟုတ် စုံစမ်းမေးမြန်းမှုများကို ဆက်ဆံပြောဆိုရေးဌာနသို့ လွှဲပြောင်းပေးသင့်ကြောင်းကို ကျွန်ုပ် နားလည်ပါသည်။

## ကျွန်ုပ်သည် ကျွန်ုပ်တို့၏ ငွေကြေးပိုင်း တည်ကြည်ဖြောင့်မတ်ရေးအတွက် သေချာဆောင်ရွက်ပါသည်

အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် Celestica ၏ မှတ်တမ်းများနှင့် အကောင့်များသည် ကျွန်ုပ်တို့၏ သတ်မှတ်ပြဋ္ဌာန်းထားသော စာရင်းအင်း အခြေခံမှုများနှင့် ရုံးတွင်း ထိန်းချုပ်မှုများ စနစ်နှင့် အညီ ဖြစ်ရပါမည်။ ကျွန်ုပ်သည် ငွေကြေးရှင်းတမ်းများ၊ မှတ်တမ်းများနှင့် အကောင့်များတွင် မှားယွင်းသော သို့မဟုတ် အထင်မှားစေသော ရေးသွင်းချက်များကို မည်သည့်အခါမျှ မပြုလုပ်ပါ။ ကျွန်ုပ်သည် ရုံးတွင်းရှိ စာရင်းစစ်များနှင့် စုံစမ်းစစ်ဆေးမှုများအားလုံးနှင့်အတူ သို့မဟုတ် ပြင်ပစာရင်းစစ်များနှင့် စီစစ်သူများက တောင်းဆိုသည့်အတိုင်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပြီး စစ်မှန်တိကျသော သတင်းအချက်အလက်ကို ပံ့ပိုးပေးပါသည်။ ကျွန်ုပ်သည် စုံစမ်းစစ်ဆေးမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဥပဒေအရ တောင်းဆိုထားသော သို့မဟုတ် လိုအပ်သော စာရွက်စာတမ်းများ သို့မဟုတ် မှတ်တမ်းများကို မည်သည့်အခါမျှ ဖုံးကွယ်၊ ပြောင်းလဲ သို့မဟုတ် ဖျက်ဆီးခြင်း မပြုပါ။ ကျွန်ုပ်သည် ကျွန်ုပ် တာဝန်ယူရသည့် လုပ်ငန်းမှတ်တမ်းများကို Celestica ၏ မှတ်တမ်း စီမံခန့်ခွဲရေး မူဝါဒ နှင့်အညီ ကိုင်တွယ်ဆောင်ရွက်ပါသည်။

**BCG သည် Celestica ဝန်ထမ်းတစ်ဦးအဖြစ် ကျွန်ုပ်အား ဖော်ပြပါတို့ကို လိုက်နာဆောင်ရွက်စေလိုသည်ကို ကျွန်ုပ် နားလည်ပါသည်-**

- ကျွန်ုပ်၏ ကတိများအတိုင်း ပေးအပ်ခြင်းဖြင့် ဖောက်သည် သစ္စာရှိမှုကို ရယူရန်
- လုပ်ငန်းကို ဥပဒေနှင့်ညီစွာအပြင် ကျင့်ဝတ်ညီစွာ ရယူလုပ်ကိုင်ရန်
- Celestica ၏ အကောင်းဆုံး အကျိုးစီးပွားများပေါ် အခြေခံ၍ လုပ်ငန်းဆုံးဖြတ်ချက်များ ချမှတ်ရန်
- လုပ်ငန်း စီမံခန့်ခွဲရေး စိုးရိမ်ပူပန်မှုများကို ချက်ချင်းလက်ငင်း သတင်းပို့ရန်
- ဥပဒေကို လိုက်နာရန်



### မရိုးသားသော သတင်းပို့ခြင်း၏ အသွင်အပြင်...

သူမ၏ ကလေးများက အချိန်ပြည့် ကျောင်းသားများဖြစ်သည်ဟုဆိုသည့် ဖောင်ပုံစံတစ်ခုကို တင်သွင်းခြင်းဖြင့် သူမ၏ အရွယ်ရောက်ပြီးသော ကလေးများအတွက် ဆေးဘက်ဆိုင်ရာ အကျုံးဝင်မှု ရယူရန် ကြိုးပမ်းသော တရားစွဲဆိုမှု။ တကယ်တော့ သူမ၏ ကလေးများသည် ကျောင်းသားများ မဟုတ်ကြတော့ပါ။ တောင်းဆိုချက်အမှားကို တင်သွင်းခြင်းဖြင့် တရားစွဲဆိုမှုသည် ကျင့်ဝတ်မညီစွာ ပြုမူခြင်းဖြစ်ပြီး ကုမ္ပဏီကို လှည့်ဖြားခြင်း ဖြစ်ပါသည်။

## ကျွန်ုပ်သည် တိကျရိုးသားသော အစီရင်ခံစာများ ပြုလုပ်ပါသည်

တိကျပြည့်စုံသော စီးပွားရေးနှင့် ငွေကြေး မှတ်တမ်းများ ပြုလုပ်ခြင်းသည် စာရင်းအင်းနှင့် ဘဏ္ဍာရေး ဝန်ထမ်းများ၏ တာဝန်သာ မဟုတ်ပါ။ Celestica တွင် အချိန်မှတ်တမ်းများနှင့် အသုံးစရိတ် အစီရင်ခံစာများမှ အကျိုးခံစားခွင့်များ တောင်းခံစာ ပုံစံများအပြင် ကိုယ်ရေးအကျဉ်းများအထိ မှတ်တမ်းများ၏ တိကျမှုသည် လူတိုင်း၏ တာဝန်ဖြစ်သည်။ ကျွန်ုပ်သည် တိကျသော မှတ်တမ်းများ ထားရှိပြီး ရိုးသားသော အစီရင်ခံစာများ ပြုလုပ်သောအခါ၊ Celestica ၏ ဂုဏ်သတင်းကို ထောက်ပံ့ရာရောက်ပြီး ကျွန်ုပ်တို့၏ ဥပဒေနှင့် စည်းကမ်းထိန်းသိမ်းရေး တာဝန်များကို သေချာ ပြည့်မီစေပါသည်။ မတိကျသော သို့မဟုတ် အထင်မှားစေသော သတင်းအချက်အလက်များ ထုတ်ပေးခြင်းသည် Celestica နှင့် ကျွန်ုပ်အား အရပ်ဘက်ဆိုင်ရာ သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ အရေးယူမှုခံရခြင်းဆီသို့ ဦးတည်သွားစေနိုင်သည်ကို ကျွန်ုပ် နားလည်ပါသည်။

## ကျွန်ုပ်သည် ကျင့်ဝတ်ညီသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်

Celestica မန်နေဂျာတစ်ဦးအဖြစ် ကျွန်ုပ်သည် ကျင့်ဝတ်ညီသော ခေါင်းဆောင်တစ်ဦး ဖြစ်ရပါမည်။ ကျွန်ုပ်သည် လက်တုံ့ပြန်ခံရမည်ကို ကြောက်နေစရာမလိုဘဲ ပွင့်လင်းရိုးသားစွာ ပြောဆိုဆက်ဆံသော ပတ်ဝန်းကျင်ကို အားပေးခြင်းနှင့် ကျင့်ဝတ် ပြဿနာများကို သတိပြုမိသည့်အခါ ချက်ချင်းလက်ငင်း အရေးယူခြင်းဖြင့် ဥပမာကောင်း ဖြစ်နေပေးရန်အတွက် တာဝန် ရှိပါသည်။ မန်နေဂျာများသည် ဝန်ထမ်းများအား Celestica မူဝါဒများ၊ BCG သို့မဟုတ် ဥပဒေကို ချိုးဖောက်ရာရောက်သော လုပ်ရပ်များကို လုပ်ခြင်းဖြင့် ရလဒ်များ ရရှိအောင် လုပ်ရန် မည်သည့်အခါမျှ မညွှန်ကြားဘဲ တည်ကြည်ဖြောင့်မတ်မှု၏ သဘောလက္ခဏာဖြစ်စေရပါမည်။ မန်နေဂျာများသည် Celestica ကိုယ်စား အရောင်းအဝယ်များစွာကို နည်းလမ်းမှန်စွာ အတည်ပြုပေးခြင်းအတွက်လည်း တာဝန် ရှိပါသည်။ မန်နေဂျာတစ်ဦးအဖြစ် ကျွန်ုပ်သည် မူဝါဒ သတ်မှတ်ချက်များ ပြည့်မီကြောင်း သေချာဆောင်ရွက်ရပါမည်။ လုပ်ငန်းရလဒ်များသည် ကျင့်ဝတ်ညီသော စီမံခန့်ခွဲပုံနှင့် Celestica ၏ မူဝါဒများ၊ BCG နှင့် ဥပဒေတို့ကို လေးစားလိုက်နာခြင်းထက် မည်သည့်အခါမျှ ပိုအရေးမကြီးပါ။

# အပြုသဘောဆောင်သော အလုပ် ပတ်ဝန်းကျင်တစ်ခု ကို အားပေးခြင်း

## ကျွန်ုပ်သည် ခွဲခြားဆက်ဆံမှုနှင့် နှောင့်ယှက်မှု ကင်းရှင်းသော ပတ်ဝန်းကျင်ကို အားပေးထောက်ခံပါသည်

ဝန်ထမ်းအားလုံးက ဘေးကင်း၊ သန့်ရှင်း၊ ကျန်းမာရေးနှင့်ညီပြီး စိတ်ချရသော ပတ်ဝန်းကျင်တစ်ခုကို ဖြည့်ဆည်းပေးသောအခါ Celestica သည် အလုပ်လုပ်ရန် နေရာကောင်းတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုက လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ လိင်၊ လိင် အထောက်အထား၊ နိုင်ငံသားဖြစ်မှု နှင့်/သို့မဟုတ် ဇစ်မြစ်၊ အသက်၊ မသန်စွမ်းမှု၊ လိင် စိတ်တိမ်းညွတ်မှု၊ အိမ်ထောင်ရေး အခြေအနေ သို့မဟုတ် အခြား အချက်များပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း ကင်းရှင်းကြောင်း သေချာစေရေးအတွက် ကျွန်ုပ်တို့ အားလုံးတွင် တာဝန်ရှိပါသည်။ Celestica သည် ဝန်ထမ်းများကို စော်ကားရာရောက်သော၊ ရန်မူသော သို့မဟုတ် တစ်နည်းနည်းဖြင့် အဆင်မပြေဖြစ်စေသော လိင်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုများ၊ လုပ်ရပ်များ၊ မှတ်ချက်များ သို့မဟုတ် လုပ်ငန်းခွင်တွင်း မသင့်လျော်သည့် အခြား အပြုအမူအတွက် လုံးဝ သည်းမခံကြောင်းကို ကျွန်ုပ် နားလည်ပါသည်။ ဘေးကင်းစိတ်ချရသော လုပ်ငန်းခွင်သည် ခြိမ်းခြောက်မှု ကင်းရှင်းသော အလုပ်ခွင်ကိုလည်း ဆိုလိုပါသည်။ Celestica တွင် ကြိမ်းဝါးမှုများ (တည့်တိုး သို့မဟုတ် သွယ်ဝိုက်၍)၊ ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှုအတွက် နေရာ မရှိပါ။ အထက်ဖော်ပြပါ အပြုအမူနှင့် လုပ်ရပ် တစ်ခုခုကို မြင်တွေ့ရသောအခါ သို့မဟုတ် ကြုံတွေ့ရသောအခါ၊ ချက်ချင်း သတင်းပို့ရန် ကျွန်ုပ်၏ တာဝန်ဖြစ်သည်ကို ကျွန်ုပ် သိနားလည်ပါသည်။

## ကျွန်ုပ်သည် အရက်နှင့်မူးယစ်ဆေး ကင်းစင်သော ပတ်ဝန်းကျင်တစ်ခုကို အားပေးထောက်ခံပါသည်

အရက်၊ ဆေးဝါးများ သို့မဟုတ် အခြား မူးယစ်စေသောအရာများ အသုံးပြုခြင်းသည် အလုပ်ဆိုင်ရာ ကျွန်ုပ်၏ စွမ်းရည်များအပေါ် ထိခိုက်စေနိုင်သည်ကို ကျွန်ုပ် နားလည်ပါသည်။ ထို့ပြင်၊ Celestica သည် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ မူးယစ်စေသော အရာများ ကင်းစင်သော အလုပ်ခွင် ဖြစ်ရေးအတွက် ကတိပြုထားသောကြောင့် Celestica အဆောက်အဦအတွင်း တရားဝင် သို့မဟုတ် ခွင့်ပြုမထားသော အရက်၊ ဆေးဝါးများ သို့မဟုတ် အခြား မူးယစ်စေသောအရာများ ဖြန့်ဖြူးခြင်း၊ လက်ဝယ်ပိုင်ခြင်း သို့မဟုတ် အသုံးပြုခြင်းကို တားမြစ်ပါသည်။ ထို့ပြင်၊ Celestica သည် ဝန်ထမ်းများ၏ ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့သည် ရှင်းလင်းပြတ်သားပြီး အရက်၊ ဆေးဝါးများ သို့မဟုတ် အခြား မူးယစ်စေသောအရာများကြောင့် ထိခိုက်မှုမရှိစေလိုပါ။ မူးယစ်စေသောအရာများ အသုံးပြုခြင်းသည် ဝန်ထမ်း ကိုယ်တိုင်၏ လုပ်ကိုင်ပုံနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့အပေါ် ထိခိုက်စေခြင်းအပြင် အခြားလူများ၏ ဘေးကင်းရေးနှင့် ကျွန်ုပ်တို့ လုပ်ငန်း၏ ကောင်းကျိုးချမ်းသာအပေါ် သိသာထင်ရှားသော အန္တရာယ်တစ်ရပ်ကို ဖန်တီးပေးနိုင်ပါသည်။

### မလျော်ကန်သော အပြုအမူ၏ အသွင်အပြင်များ...

Grace နှင့် Jose တို့သည် အလုပ်ဆိုင်ရာ ပွဲအစီအစဉ်တစ်ခုကို တက်ရောက်နေပါသည်။ အဖွဲ့တွဲဖက် အစီအစဉ် ပြီးဆုံးသည့်နောက် ရာထူးအဆင့်တူသူ အချို့က အရှယ်ရောက်ပြီးသူ ဖျော်ဖြေရေးပွဲတစ်ခုသို့ အတူ သွားကြရအောင်ဟု အကြံပြုလာပါသည်။ Grace နှင့် Jose တို့သည် ထိုအဖွဲ့နှင့်အတူ သွားခဲ့ကြသော်လည်း ထိုပွဲတွင် သက်သောင့်သက်သာ မခံစားရဘဲ တစ်မျိုးကြီးဖြစ်နေသလို ခံစားခဲ့ကြရသည်။ Celestica ကို ကိုယ်စားပြုနေစဉ် ထိုသို့သော ပွဲများကို တက်ရောက်ခြင်းသည် ကျွန်ုပ်တို့၏ တန်ဖိုးများ သို့မဟုတ် BCG မူဝါဒနှင့် မကိုက်ညီပါ။ ကျွန်ုပ်တို့၏ ခရီးနှင့် ဖျော်ဖြေရေး မူဝါဒနှင့်အညီ၊ အဆိုပါ ပွဲများနှင့် သက်ဆိုင်သော စရိတ်စကများကို Celestica က ထုတ်ပေးမည်မဟုတ်ပါ။

# ကျင့်ဝတ်များ ဆုံးဖြတ်ချက် ဇယား

**ဤဆုံးဖြတ်ချက် ဇယားသည် ခက်ခဲသော ဆုံးဖြတ်ချက်တစ်ရပ်ကို သင် ရင်ဆိုင်ကြုံတွေ့ရသောအခါ အသုံးဝင်သော တူးလ်တစ်ခု ဖြစ်ပါသည်။**
**သင့်ကိုယ်သင်မေးပါ-**

**တရားဝင်ပါသလား။**
- မဟုတ် → လုပ်ရပ်သည် ပြင်းထန်သော အကျိုးဆက်များ ရှိနိုင်ပါသည်။ **မလုပ်ပါနှင့်။**
- မသေချာပါ → လမ်းညွှန်အတွက် ဥပဒေဆိုင်ရာဌာနသို့ ဆက်သွယ်ပါ။
- ဟုတ် ↓

**၎င်းသည် Celestica ၏ BCG သို့မဟုတ် အခြေခံမူဝါဒများကို လိုက်နာပါသလား။**
- မဟုတ် → လုပ်ရပ်သည် ပြင်းထန်သော အကျိုးဆက်များ ရှိနိုင်ပါသည်။ **မလုပ်ပါနှင့်။**
- မသေချာပါ → လမ်းညွှန်ချက်အတွက် သင့်မန်နေဂျာ၊ သင်၏ HR ကိုယ်စားလှယ် သို့မဟုတ် လေးစားလိုက်နာရေးဌာနနှင့် တိုင်ပင်ဆွေးနွေးပါ။
- ဟုတ် ↓

**၎င်းသည် Celestica ၏ တန်ဖိုးများနှင့် ယဉ်ကျေးမှုကို ထင်ဟပ်ပြသပါသလား။**
- မဟုတ် → လုပ်ရပ်သည် ပြင်းထန်သော အကျိုးဆက်များ ရှိနိုင်ပါသည်။ **မလုပ်ပါနှင့်။**
- မသေချာပါ → လမ်းညွှန်ချက်အတွက် သင့်မန်နေဂျာ၊ သင်၏ HR ကိုယ်စားလှယ် သို့မဟုတ် လေးစားလိုက်နာရေးဌာနနှင့် တိုင်ပင်ဆွေးနွေးပါ။
- ဟုတ် ↓

**ထိုအကြောင်းကို သတင်းခေါင်းစီးတွင် မြင်တွေ့ရပါက သက်သောင့်သက်သာခံစားရပါမလား။**
- ဟုတ် → လုပ်ရပ်သည် ပြင်းထန်သော အကျိုးဆက်များ ရှိနိုင်ပါသည်။ **မလုပ်ပါနှင့်။**
- မသေချာပါ → လမ်းညွှန်ချက်အတွက် သင့်မန်နေဂျာ၊ သင်၏ HR ကိုယ်စားလှယ် သို့မဟုတ် လေးစားလိုက်နာရေးဌာနနှင့် တိုင်ပင်ဆွေးနွေးပါ။
- မဟုတ် ↓

**ဝန်ထမ်းအားလုံး ထိုသို့လုပ်ခဲ့လျှင် Celestica အပေါ် ဆိုးဆိုးရွားရွား သက်ရောက်မှု ရှိနိုင်ပါသလား။**
- ဟုတ် → လုပ်ရပ်သည် ပြင်းထန်သော အကျိုးဆက်များ ရှိနိုင်ပါသည်။ **မလုပ်ပါနှင့်။**
- မသေချာပါ → လမ်းညွှန်ချက်အတွက် သင့်မန်နေဂျာ၊ သင်၏ HR ကိုယ်စားလှယ် သို့မဟုတ် လေးစားလိုက်နာရေးဌာနနှင့် တိုင်ပင်ဆွေးနွေးပါ။
- မဟုတ် ↓

**ရှေ့ဆက်လုပ်ဆောင်ရန် ဆုံးဖြတ်ချက်သည် သင့်လျော်ပုံရပါသည်။**

# ကျွန်ုပ်တို့ လုပ်ငန်းများကို လုပ်ကိုင်ခြင်းနှင့် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းများကို ဖြည့်ဆည်းပေးခြင်း

## ကျွန်ုပ်သည် မျှတသော ဆက်ဆံပြောဆိုမည်ဟု ကတိပြုထားပါသည်

Celestica တွင် ကျွန်ုပ်တို့သည် ဖောက်သည်များနှင့် ပစ္စည်းသွင်းသူများမှ ပညာရေးအဖွဲ့အစည်းများ၊ အစိုးရများနှင့် အသိုင်းအဝိုင်းအထိ လူအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုးနှင့် ထိတွေ့ဆက်ဆံရပါသည်။ ပြိုင်ဘက်များ အပါအဝင် ကျွန်ုပ်နှင့်အတူ လုပ်ငန်းလုပ်ကိုင်သော သို့မဟုတ် ထိတွေ့ဆက်ဆံသော လူတိုင်းသည် မျှတသော ဆက်ဆံကို ခံစားခွင့်ရှိပါသည်။ ရှင်းလင်းရိုးသားသော ပြောဆိုဆက်ဆံမှုသည် ကျင့်ဝတ်ညီသော အပြုအမူအပြင် Celestica နှင့် ကျွန်ုပ်တို့၏ ပြင်ပမိတ်ဖက်များအတွင်း ခိုင်လုံပြီး ရေရှည်တည်မြဲသော ဆက်ဆံရေးများအတွက် အဓိကကျသည်ကို ကျွန်ုပ် သိနားလည်ပါသည်။ အခြားတစ်ဦးဦးထံသို့ ကျွန်ုပ်ကိုယ်တိုင် သို့မဟုတ် Celestica ကို မည်သည့်အခါမျှ မှားယွင်းစွာ မဖော်ပြပါ။

ကျွန်ုပ်တို့ တန်ဖိုးများသည် ကျွန်ုပ်တို့၏ အဖွဲ့အဖြစ် ကျွန်ုပ်တို့၏ ပစ္စည်းသွင်းသူများကို အသိအမှတ်ပြုပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်သည် ပစ္စည်းသွင်းသူများအားလုံးကို တန်းတူညီမျှစွာ ဆက်ဆံပြီး ပစ္စည်းသွင်းသူ တစ်ဦးဦး၏ သို့မဟုတ် ပစ္စည်းသွင်းသူ တစ်ဦးဦးအတွက် အထူးတလည် ဆက်ဆံမှု ရယူရန် ကျွန်ုပ်၏ သြဇာကို မည်သည့်အခါမျှ အသုံးမပြုပါဟူ၍ ဖြစ်သည်။ မျှတသော ရွေးချယ်ရေး လုပ်ငန်းစဉ်အတွက် ကျွန်ုပ်တို့၏ ကတိကဝတ်သည် ကျွန်ုပ်တို့၏ ပစ္စည်းသွင်းသူများအား ကျွန်ုပ်တို့၏ တည်ကြည်ဖြောင့်မတ်မှုအပေါ် ယုံကြည်စိတ်ချမှု ရရှိစေပြီး ကျွန်ုပ်တို့အား ၎င်းတို့နှင့်အတူ အပြုသဘောဆောင်သော ဆက်ဆံရေးများကို ထိန်းသိမ်းထားနိုင်စေရန် ကူညီပေးပါသည်။

## ကျွန်ုပ်သည် ပြိုင်ဘက်များ၏ အခွင့်အရေးများကို လေးစားပါသည်

Celestica တွင် ကျွန်ုပ်တို့သည် မျှတပွင့်လင်းသော ယှဉ်ပြိုင်မှုကို ယုံကြည်ပါသည်။ ကျွန်ုပ်တို့က ပြင်းပြင်းထန်ထန် ယှဉ်ပြိုင်သော်လည်း ကျွန်ုပ်တို့သည် လုပ်ငန်းလုပ်ကိုင်သည့်အခါတိုင်းတွင် လက်ဝါးကြီးမအုပ်ရေးနှင့် ယှဉ်ပြိုင်ရေး ဥပဒေများကို လေးစားလိုက်နာပါသည်။ ကျွန်ုပ်တို့ ပြိုင်ဘက်များ၏ အခွင့်အရေးများကို လေးစားပြီး ၎င်းတို့နှင့် မျှတစွာ ပြောဆိုဆက်ဆံပါသည်။ ကျွန်ုပ်သည် မမျှတသော သို့မဟုတ် ဥပဒေနှင့်မညီသော ရောင်းဝယ်မှု အလေ့အထများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုပါ။ ကျွန်ုပ်သည် ကျွန်ုပ်တို့၏ ပြိုင်ဘက်များ သို့မဟုတ် ၎င်းတို့၏ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများကို မည်သည့်အခါမျှ ချိုးနှိမ်ခြင်းမပြုဘဲ ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၏ ပင်ကိုအရည်အသွေးများအတိုင်းသာ စျေးကွက်တင်ရောင်းချသွားရမည်ဆိုသည့် Celestica ၏ မူဝါဒကို လက်ကိုင်ပြုပါသည်။ ကျွန်ုပ်သည် မှားယွင်းသော သို့မဟုတ် အထင်မှားစေသော ထုတ်ပြန်ချက်များကို ရှောင်ကြဉ်ပါသည်။

အချို့သော အခြေအနေများတွင် ကုမ္ပဏီတစ်ခုသည် ပြိုင်ဘက်တစ်ဦးဖြစ်နိုင်သလို ဖောက်သည် သို့မဟုတ် ပစ္စည်းသွင်းသူတစ်ဦးလည်း ဖြစ်နိုင်ပါသည်။ ထို့ပြင် ကျွန်ုပ်သည် မကြာခဏဆိုသလို ကျွန်ုပ်တို့၏ ပြိုင်ဘက်များနှင့် တွေ့ဆုံ၊ ဆွေးနွေးပြောဆိုရတတ်ပြီး တူညီသော လုပ်ငန်းနယ်ပယ် ပွဲအခမ်းအနားများသို့ ၎င်းတို့နည်းတူ တက်ရောက်ရတတ်ပါသည်။ ကျွန်ုပ်သည် ဤဆက်ဆံမှုများနှင့် အခြေအနေများတွင် အထူးဂရုစိုက်လုပ်ဆောင်ပါသည်။

**ကျွန်ုပ်သည် Celestica အတွင်းရေး သတင်းအချက်အလက်များကို ပြိုင်ဘက်များနှင့် မည်သည့်အခါမျှ မဆွေးနွေးပါ သို့မဟုတ် ဖော်ပြပါတို့နှင့် ပတ်သက်၍ သဘောတူညီချက်များ လုံးဝ မလုပ်ပါ-**

- စျေးနှုန်းများ ပုံသေသတ်မှတ်ခြင်း
- စျေးနှုန်းထား၊ အမြတ်အစွန်းများ၊ ကုန်ကျစရိတ်များ၊ အရောင်းစည်းမျဉ်းများ၊ ဖောက်သည်များ၊ ပရိုမိုးရှင်းများ၊ လျှော့စျေးများ၊ စျေးကွက်ရှာဖွေရေး သို့မဟုတ် မဟာဗျူဟာမြောက် အစီအစဉ်များအကြောင်း အချက်အလက်များ မျှဝေခြင်း
- အရောင်းအခွင့်အလမ်းများ သို့မဟုတ် နယ်နိမိတ်များ ပိုင်းခြားခြင်း
- အချင်းချင်း၏ ဖောက်သည်များကို မြူဆွယ်ခြင်း မပြုရေး
- သီးခြား ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို မရောင်းရေး
- ယှဉ်ပြိုင်ရသော လေလံတင်လုပ်ငန်းစဉ်တစ်ခုကို ‘ပြင်ဆင်သတ်မှတ်ရေး’
- ပစ္စည်းသွင်းသူ သို့မဟုတ် ပစ္စည်းရောင်းသူတစ်ဦးဦးကို အဆက်အဆံမလုပ်ခြင်း



### ကော်ပိုရိတ် လာဘ်ပေးလာဘ်ယူမှုများ၏ ပုံစံများ...

Mark သည် Celestica ရှိ အဝယ်တော်တစ်ဦး ဖြစ်ပါသည်။ သူ၏ ပစ္စည်းသွင်းသူတစ်ဦးဖြစ်သော Bob သည် Mark အနေဖြင့် သူ့လုပ်ငန်းကို ယှဉ်ပြိုင်နေသော ပစ္စည်းသွင်းသူတစ်ဦးထံမှ ဆွဲထုတ်ယူပြီး Bob ၏ ကုမ္ပဏီတွင် ပိုကြီးသော အော်ဒါကို တင်ပေးလိုက်မည်ဆိုပါက Mark ကို "ခံစားခွင့်" များစွာ ကမ်းလှမ်းပေးမည်ဟု ဆိုလာပါသည်။

## လာဘ်ပေးလာဘ်ယူမှုများနှင့် လက်ဆောင်များဆိုင်ရာ Celestica ၏ မူဝါဒကို ကျွန်ုပ် နားလည်ပါသည်

ကျွန်ုပ်တို့၏ မူဝါဒများအပြင် ကျွန်ုပ်တို့ လုပ်ငန်းလုပ်နေသော နိုင်ငံအများစု၏ ဥပဒေများသည် ကျွန်ုပ်တို့အား မည်သည့်ရည်ရွယ်ချက်အတွက်မျှ လာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်ခြင်း သို့မဟုတ် လက်ခံခြင်းမှ တားမြစ်ပါသည်။ လာဘ်ပေးလာဘ်ယူမှုများ၏ ဥပမာများတွင် တုပဖန်တီးထားသော စရိတ်စကများအတွက် တိုက်ရိုက် ငွေသား ပေးငွေများ၊ မသမာကြေးများ သို့မဟုတ် ကုန်ပို့လွှာများ ပါဝင်ပါသည်။

ကျွန်ုပ်တို့သည် ရောင်းချသူများ၊ ပစ္စည်းသွင်းသူများနှင့် အခြားလူများထံမှ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဝယ်ယူရန် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကို အရည်အသွေး၊ ဈေးနှုန်းနှင့် ယုံကြည်စိတ်ချရမှုကဲ့သို့ စံနှုန်းများအပေါ် အခြေပြုပြီး ကျွန်ုပ်တို့၏ ဖောက်သည်များအားလည်း ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အလားတူ အခြေခံအကြောင်းရင်းအတိုင်း ဝယ်ယူမည်ဟု မျှော်လင့်ပါသည်။ လက်ဆောင်များနှင့် ဧည့်ခံပြုစုမှု ပေးခြင်း သို့မဟုတ် လက်ခံခြင်းသည် ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းအပေါ် ထိခိုက်နိုင်သည်ကို ကျွန်ုပ် နားလည်ပါသည်။ ကျွန်ုပ်သည် အောက်ပါအခြေအနေများတွင် လက်ဆောင်များ၊ အစားအသောက်များ၊ ဝန်ဆောင်မှုများနှင့် ဧည့်ခံပြုစုမှုတို့ကို ပေးနိုင်ပါသည် သို့မဟုတ် လက်ခံနိုင်ပါသည်-

- အတော်လေး ဖြစ်ခေါင့်ဖြစ်ခဲပြီး တန်ဖိုးအားဖြင့် လွန်ကဲခြင်း မရှိပါက
- သက်ဆိုင်ရာ ဥပဒေများကို လိုက်နာပြီး ထုံးစံဖြစ်သော လုပ်ငန်း အလေ့အထများ သို့မဟုတ် ကျင့်ထုံးများနှင့်အညီ ဖြစ်ပါက
- ကျွန်ုပ်အား လက်ဆောင်ပေးသူနှင့်ပတ်သက်၍ ကျွန်ုပ်တွင် တာဝန်တစ်ရပ်ရပ် ရှိစေမည်မဟုတ်ပါက
- ငွေသား မပါဝင်ပါက
- အစိုးရအရာရှိတစ်ဦးဦးထံသို့ မည်သည့်အခါမျှ ပေးမထားပါက သို့မဟုတ် ၎င်းတို့ထံမှ မည်သည့်အခါမျှ လက်ခံရရှိမထားပါက

လက်ဆောင်များ ပေးခြင်း၊ လက်ခံခြင်းနှင့် ပတ်သက်လာပါက သင့်လျော်သော သို့မဟုတ် မလွန်ကဲသော အရာများကို ခွဲခြားသတ်မှတ်ရန်မှာ အမြဲတမ်းတော့ လွယ်ကူမနေပါဘူး။ အဆိုပါ အခြေအနေများတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ ကောင်းမွန်သော ဝေဖန်ပိုင်းခြားနိုင်စွမ်းကို အသုံးပြုပြီး မိမိကိုယ်ကို အောက်ပါ မေးခွန်းများ မေးပါသည်-

- ကျွန်ုပ် လက်ဆောင်ပေးရန် စီစဉ်နေသူထံတွင် ၎င်းကို တားမြစ်မည့် လုပ်ငန်းခွင် မူဝါဒတစ်ရပ် ရှိပါသလား။ သံသယရှိပါက ကျွန်ုပ် စစ်ဆေးပါသည်။
- ၎င်းက မှန်ကန်ပါသလား။ မမှန်လျှင် မယူပါနှင့်၊ မပေးပါနှင့် သို့မဟုတ် လမ်းညွှန်ချက်ကြိုတင် တောင်းပါသည်။
- လက်ဆောင်ကို ပြန်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်းက စော်ကားရာရောက်သော နိုင်ငံတစ်ခုတွင် လက်ဆောင်တစ်ခုကို လက်ခံရရှိပါသလား။ အချို့သော နိုင်ငံများတွင် လက်ဆောင် ပြန်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်းသည် စော်ကားရာရောက်ပါမည်။ ဤသို့ဖြစ်ပါက လက်ဆောင်ကို လက်ခံသင့်ပြီး လက်ဆောင်ကို ကိုင်တွယ်ရမည့်နည်းလမ်းအတွက် မန်နေဂျာတစ်ဦးနှင့် ချက်ချင်း တိုင်ပင်သင့်ပါသည်။



Celestica သည် လာဘ်ထိုးငွေများ ပေးမည့်အစား လုပ်ငန်း အခွင့်အလမ်းများကိုသာ လက်လွတ်ခံပါမည်။ အောက်ပါ အခြေအနေများကို ထည့်သွင်းစဉ်းစားပါ။

## မေးခွန်းများနှင့် အဖြေများ

**မေးခွန်း 1-** ကျွန်ုပ်တို့၏ ဖောက်သည်တစ်ဦးသည် ကျွန်ုပ်တို့၏ အမှုဆောင် စီမံခန့်ခွဲရေးအဖွဲ့နှင့် တွေ့ဆုံရန် Celestica ရုံးချုပ်သို့ လာရောက်လည်ပတ်ဖို့ အရှေ့တောင်အာရှရှိ သူမ၏ ရုံးခန်းမှ ခရီးထွက်လာရန် စီစဉ်နေပါသည်။ ကျွန်ုပ်၏ ဖောက်သည်သည် ထိုရုံးအတွင်းသို့ လာလည်နေစဉ် ကုန်ကျမည်ဟု သူမ စီစဉ်ထားသော တစ်ကိုယ်ရေ စရိတ်စကများ အပါအဝင် သူမ၏ ခရီးစဉ်အားလုံးအတွက် စိုက်ထုတ်ငွေ ပြန်ရလိုသည်ဟု ကျွန်ုပ်အား ပြောလာပါသည်။ ၎င်းကို ကျွန်ုပ် အတည်ပြုပေးနိုင်ပါသလား။

**အဖြေ 1-** မဟုတ်ပါ။ သင်သည် မိသားစုဝင်များအတွက် လေ့လာရေး ခရီးစဉ်များ သို့မဟုတ် လေယာဉ်လက်မှတ်များကဲ့သို့ပင် ဖောက်သည်၏ လုပ်ငန်းနှင့်မဆိုင်သော စရိတ်စကများအတွက် စိုက်ထုတ်ပေးငွေကို အတည်ပြုမပေးနိုင်ပါ။ ထိုသို့လုပ်ခြင်းသည် လာဘ်ပေးလာဘ်ယူမှု အသွင်အပြင်ကို ဖန်တီးသောကြောင့် Celestica အနေဖြင့် အဆိုပါ စရိတ်စကများအတွက် မပေးဆောင်နိုင်ပါ။ စိုက်ထုတ်သော စရိတ်စကအားလုံးသည် (1) စစ်မှန်သော လုပ်ငန်း ရည်ရွယ်ချက်နှင့်သာ သက်ဆိုင်ရမည်၊ (2) ကျိုးကြောင်းဆီလျော်ရမည်၊ ထို့ပြင် (3) သက်ဆိုင်ရာ ဥပဒေများနှင့် Celestica မူဝါဒများအားလုံးအရ ခွင့်ပြုနိုင်ရမည်။

**မေးခွန်း 2-** ကျွန်ုပ်တို့သည် ဒေသန္တရ အစိုးရ အရာရှိများနှင့် ဆက်ဆံရေးများ ပိုမိုလွယ်ကူစေရန် အေးဂျင့်တစ်ဦးကို အသုံးပြုပါသည်။ သူ့ တာဝန်များကို ထပ်တိုးချဲ့ထားခြင်း သို့မဟုတ် သူ့အား အပိုဆောင်း အလုပ်လုပ်ခိုင်းခြင်း မရှိသော်ငြားလည်း သူ့ ကော်မရှင်ခကို သိသိသာသာ ထပ်တိုးရန် ကျွန်ုပ်တို့ကို မကြာသေးမီက တောင်းဆိုခဲ့ပါသည်။ သူက ဤငွေများကို ဒေသန္တရ အရာရှိများထံသို့ ထင့်ဆင့်ပေးပို့လိုသည်ဟု ကျွန်ုပ် သံသယ ရှိပါသည်။ ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။

**အဖြေ 2-** အေးဂျင့်က Celestica ကိုယ်စား တရားမဝင် ပေးငွေများ ပြုလုပ်နေသည်ဟု သင် သံသယ ရှိပါက၊ ကုမ္ပဏီသည် ၎င်းက ပြဿနာ ဖြစ်၊ မဖြစ် စုံစမ်းစစ်ဆေးရန်နှင့် အဆိုပါ ပေးငွေများကို ရပ်တန့်ထားရန် တာဝန် ရှိပါသည်။ သင်၏ သံသယမကင်းမှုများကို ဥပဒေရေးရာ သို့မဟုတ် လေးစားလိုက်နာရေး ဌာနသို့ သတင်းပို့သင့်ပါသည်။

**မေးခွန်း 3-** Celestica ထုတ်ကုန်တစ်ခုကို ဖောက်သည် မဝယ်ခင် ဖောက်သည်တစ်ဦးထံသို့ သဒ္ဒါကြေးအနည်းငယ် ပေးဆောင်ရန်မှာ သတ်မှတ်နိုင်ငံတစ်ခုတွင် မြင်တွေ့နေကျ အလေ့အထ တစ်ရပ်ဖြစ်သည်ဟု ကျွန်ုပ်အား ပြောပြထားပါသည်။ လုပ်ငန်း မဆုံးရှုံးစေရန်အလို့ငှာ သဒ္ဒါကြေး ပေးဆောင်သင့်ပါသလား။

**အဖြေ 3-** မဟုတ်ပါ။ ကျွန်ုပ်တို့သည် မလျော်ကန်သော သို့မဟုတ် တရားမဝင်သော ပေးငွေများဖြင့်သာ ရရှိနိုင်သည့် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုပါ။ တောင်းဆိုထားသော ပေးငွေကို ခွင့်ပြုထား၊ မထားသေချာမသိပါက ဥပဒေရေးရာနှင့် လေးစားလိုက်နာရေး ဌာနများထံသို့ ဆက်သွယ်ရပါမည်။ သင်သည် လုပ်ငန်း ရယူရန် ဖောက်သည်များ၊ ၎င်းတို့၏ အေးဂျင့်များ သို့မဟုတ် ဝန်ထမ်းများ (သို့မဟုတ် ၎င်းတို့၏ မိသားစုများ၏ အဖွဲ့ဝင်များ) အပါအဝင် တစ်စုံတစ်ယောက်ထံသို့ လက်ဆောင်များ၊ လာဘ်ပေးလာဘ်ယူမှုများ၊ သဒ္ဒါကြေးများ၊ မသမာကြေးများ၊ လျှို့ဝှက် ပေးငွေများ သို့မဟုတ် မက်လုံးများ ပေးခြင်းကို သတိပြုမိပါက ဥပဒေရေးရာ သို့မဟုတ် လေးစားလိုက်နာရေးဌာနသို့ ချက်ချင်း ဆက်သွယ်သင့်ပါသည်။




**ဖြစ်နိုင်ခြေရှိသော အကျိုးစီးပွား ပဋိပက္ခများ၏ ဥပမာများတွင် ဖော်ပြပါတို့ ပါဝင်သည်-**

- ပစ္စည်းသွင်းသူများ၊ ပြိုင်ဘက်များ၊ ဖောက်သည်များနှင့် ဖြန့်ဖြူးသူများ အပါအဝင် Celestica က လုပ်ငန်းလုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုခုတွင် ငွေကြေး အကျိုးအမြတ် ရှိနေခြင်း။
- ကော်ပိုရိတ် ပိုင်ဆိုင်မှု၊ သတင်းအချက်အလက် သို့မဟုတ် ရာထူးကို အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေး အကျိုးအမြတ်အတွက် ၎င်းတို့ကို အသုံးပြုခြင်းမှတစ်ဆင့် ရှာဖွေတွေ့ရှိခဲ့သော အခွင့်အလမ်းများအပေါ် ရင်းနှီးမတည်ခြင်း
- Celestica ဖောက်သည်၊ ပစ္စည်းသွင်းသူ သို့မဟုတ် ပြိုင်ဘက်တစ်ဦးအတွက် အလုပ်လုပ်နေသည့် အိမ်ထောင်ဖက်၊ ကျွန်ုပ်၏ တိုက်ရိုက် မိသားစု သို့မဟုတ် ကျွန်ုပ်နှင့် ရင်းနှီးကျွမ်းဝင်သော တစ်စုံတစ်ယောက် ရှိခြင်း။ ဤအခြေအနေသည် အထူး တုံ့ပြန်ဆောင်ရွက်မှု လိုအပ်ပြီး ကျွန်ုပ်၏ မန်နေဂျာနှင့်အတူ ဆွေးနွေးသင့်ပါသည်
- ဝန်ထမ်း သို့မဟုတ် အကြံပေးတစ်ဦးအဖြစ် Celestica ပြိုင်ဘက်တစ်ဦးထံသို့ သို့မဟုတ် ပြိုင်ဘက်တစ်ဦးအတွက် အကူအညီပေးခြင်း
- စီးပွားဖြစ် ရောင်းဝယ်ရာတွင် ပြိုင်ဆိုင်အားကောင်းသော ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများကဲ့သို့ Celestica ၏ လုပ်ငန်း အကျိုးစီးပွားများနှင့် ပဋိပက္ခ ရှိနေသည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း
- Celestica ၏ သဘောတူညီချက်မပါဘဲ Celestica ပစ္စည်းသွင်းသူတစ်ဦးအဖြစ် ပြုမူလုပ်ကိုင်ခြင်း သို့မဟုတ် ကိုယ်စားပြုခြင်း
- Celestica ၏ သဘောတူညီချက်မပါဘဲ ပစ္စည်းသွင်းသူ သို့မဟုတ် ပြိုင်ဘက်၏ ဒါရိုက်တာများ ဘုတ်အဖွဲ့တွင် အမှုထမ်းခြင်း
- Celestica အဆောက်အဦအတွင်း သို့မဟုတ် Celestica အလုပ်ချိန်တွင် လုပ်နေစဉ် ပြင်ပအလုပ်ကို လုပ်ကိုင်ခြင်း သို့မဟုတ် တောင်းခံခြင်း
- ပြင်ပအလုပ် လုပ်ဆောင်ရန် ဖုန်းများ၊ ပစ္စည်းများ၊ ရင်းမြစ်များ သို့မဟုတ် လျှို့ဝှက် အချက်အလက်များကဲ့သို့ Celestica ပစ္စည်းများကို အသုံးပြုခြင်း

## အစိုးရ ဝန်ထမ်းများနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးများကို ကျွန်ုပ် လေးစားပါသည်

Celestica တွင် စီးပွားရေးပတ်ဝန်းကျင်တွင် လက်သင့်ခံနိုင်သော အလေ့အထတစ်ရပ်သည် အစိုးရဝန်ထမ်းများနှင့် ကျွန်ုပ်တို့ ဆက်ဆံရာတွင် လက်သင့်မခံနိုင်သော သို့မဟုတ် တရားမဝင်သော လုပ်ရပ် ဖြစ်နိုင်သည်ကို ကျွန်ုပ်တို့ သိနားလည်ပါသည်။ ဥပမာ၊ အချို့သော စည်းမျဉ်းများသည် အစိုးရ ဝန်ထမ်းများထံသို့ အစားအသောက်များ သို့မဟုတ် ဧည့်ခံပြုစုမှုများ လက်ဆောင်ပေးခြင်းကို တားမြစ် သို့မဟုတ် ကန့်သတ်ထားပါသည်။ အစိုးရ၊ ဖောက်သည်များနှင့် ပစ္စည်းသွင်းသူများကြား ဆက်ဆံရေးများကို ထိန်းချုပ်ပေးသော သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိနားလည်ပြီး လိုက်နာရန်မှာ ကျွန်ုပ်၏ တာဝန်ဖြစ်သည်ကို ကျွန်ုပ် နားလည်ပါသည်။

## ကျွန်ုပ်သည် အကျိုးစီးပွား ပဋိပက္ခများကို ရှောင်ကြဉ်ပါသည်

ကျွန်ုပ်၏ အလုပ်ကို ထမ်းဆောင်နေချိန်တွင် Celestica ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် အမြဲတမ်း ပြုမူလုပ်ဆောင်ပါသည်။ ကျွန်ုပ်၏ ကိုယ်ပိုင် အကျိုးစီးပွားများနှင့် ဆက်ဆံရေးများက ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ကျွန်ုပ်၏ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းအပေါ် နှောင့်ယှက်လာပါက သို့မဟုတ် နှောင့်ယှက်နေပုံရပါက အကျိုးစီးပွား ပဋိပက္ခများ ဖြစ်ပေါ်လာပါသည်။ ကျွန်ုပ်၏ အလုပ်ကို ဓမ္မဓိဋ္ဌာန်ကျစွာနှင့် ထိရောက်စွာ လုပ်ကိုင်ရန် ကျွန်ုပ်အတွက် ခက်ခဲစေသည့် လုပ်ရပ်တစ်ခုကို လုပ်ဆောင်ရသောအခါ သို့မဟုတ် ထိုသို့ဖြစ်စေသည့် အကျိုးစီးပွားတစ်ရပ် ရှိနေသောအခါတွင်လည်း အကျိုးစီးပွား ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ပါသည်။ ကျွန်ုပ်သည် Celestica ပြင်ပတွင် အလုပ်လုပ်နေပါက၊ အဆိုပါ အလုပ်အကိုင်သည် Celestica ဆိုင်ရာ ကျွန်ုပ်၏ တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ အငြင်းပွားစရာ မဖြစ်စေရပါသို့မဟုတ် Celestica တွင် ကျွန်ုပ်၏ အလုပ် ထမ်းဆောင်နိုင်စွမ်းအပေါ် အနှောင့်အယှက်မဖြစ်စေရပါ။ ဖြစ်နိုင်ခြေရှိသော ပဋိပက္ခများ ဖြစ်ပေါ်လာပါက ဖော်ထုတ်ရန်နှင့် အကျိုးစီးပွား ပဋိပက္ခများနှင့် ပုဂ္ဂိုလ်ရေး ဆက်စပ်မှု မူဝါဒ နှင့်အညီ ကျွန်ုပ်၏ မန်နေဂျာထံသို့ အကြောင်းကြားရန်မှာ ကျွန်ုပ်၏ တာဝန်ဖြစ်ပါသည်။

## ကျွန်ုပ်သည် ကျွန်ုပ်၏ အသိုင်းအဝိုင်းထံသို့ ကူညီဖြည့်ဆည်းပေးပါသည်

အသိုင်းအဝိုင်းတွင် ပါဝင်ရေးသည် Celestica ရှိ ကျွန်ုပ်တို့၏ တန်ဖိုးများ၏ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ အချိန်နှင့် ငွေများကို ထည့်ဝင်လှူဒါန်းပေးခြင်းဖြင့် ကျွန်ုပ်၏ အသိုင်းအဝိုင်း၏ အရပ်ဖက် လူ့ဘဝတွင် တက်ကြွစွာ ပါဝင်ရန် တိုက်တွန်းအားပေးခံရပါသည်။



သို့သော်၊ ကျွန်ုပ်၏ အသိုင်းအဝိုင်းတွင် ပါဝင်ဆောင်ရွက်မှုက Celestica အတွက် ပြဿနာများ ဖြစ်စေနိုင်သည့် အချိန်အခါများလည်း ရှိသောကြောင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် သတိပြု လုပ်ကိုင်ရပါမည်။ ဥပမာ-

- အမြတ်ယူသော သို့မဟုတ် အမြတ်မယူသော အဖွဲ့အစည်းတစ်ခုအတွက် ဘုတ်အဖွဲ့တွင် ကျွန်ုပ် တာဝန်ထမ်းဆောင်နေပါက၊ Celestica ပါဝင်နေသည့် ဆုံးဖြတ်ချက်တစ်ရပ်နှင့် ကျွန်ုပ် ထိပ်တိုက်ကြုံတွေ့ရသည့်အခါ အကျိုးစီးပွား ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ပါသည်။ ကျွန်ုပ် ထမ်းဆောင်ပေးလိုသော ဘုတ်အဖွဲ့သည် Celestica နှင့် ဆက်ဆံမှုများ ရှိနေပါက၊ ထိုဘုတ်အဖွဲ့တွင် ကျွန်ုပ်၏ တာဝန်ထမ်းဆောင်မှုသည် အကျိုးစီးပွား ပဋိပက္ခများ ဖြစ်၊ မဖြစ်ကို ကျွန်ုပ်၏ မန်နေဂျာနှင့် အရင်ဆုံး တိုင်ပင်သင့်ပါသည်။
- လူသိရှင်ကြား ကိစ္စရပ်များအတွက် ကျွန်ုပ် ထွက်ပြောပေးရပါက၊ ကျွန်ုပ်သည် မိမိကိုယ်တိုင်အတွက်သာ ပြောဆို ပြုမူရမည်ဖြစ်ပြီး Celestica ကိုယ်စား ပြောဆိုနေသည့် အသွင်အပြင်ကို မပေးရပါ။
- နိုင်ငံရေး လှုပ်ရှားမှုများတွင် ကျွန်ုပ် ပါဝင်နေပါက၊ အဆိုပါ လှုပ်ရှားမှုများအတွက် လုပ်ခမယူဘဲ သင့်လျော်သော နားချိန် ယူပါက ၎င်းကို ကျွန်ုပ်၏ မန်နေဂျာက အတည်ပြုပေးရမည်ကို ကျွန်ုပ် နားလည်ပါသည်။ Celestica သည် ရာထူးဌာနအတွက် ဝင်ပြိုင်နေစဉ်၊ ရွေးကောက်ခံ အရာရှိအဖြစ် အမှုထမ်းနေစဉ် သို့မဟုတ် နိုင်ငံရေး ကိုယ်စားလှယ်လောင်းအဖြစ် စည်းရုံးနေစဉ် ကုန်ဆုံးသွားသော အချိန်အတွက် ကျွန်ုပ်အား ငွေပေးမည်မဟုတ်ကြောင်းကို ကျွန်ုပ် နားလည်ပါသည်။

## ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ ချိုးဖောက်မှု ပုံစံများ...

Sarah သည် Celestica တွင် အန္တရာယ်များသော စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် နည်းလမ်းတကျ စွန့်ပစ်ခြင်းအတွက် တာဝန် ရှိပါသည်။ ၎င်းသည် အလွန်ပင် ကုန်ကျစရိတ်များသော အလုပ်ဖြစ်သည်ကို သူမ သိပါသည်။ စွန့်ပစ်ပစ္စည်းကို ရေမြောင်းထဲသို့ ဒီအတိုင်း ပစ်ထည့်လိုက်ခြင်းက ပိုရိုးရှင်းပြီး အကုန်အကျပိုမသက်သာဘူးလား။ တစ်နေ့တော့ စိတ်ပျက်လက်ပျက်ဖြစ်နေသော Sarah သည် ဒီအတိုင်းသာ မြောင်းထဲ စွန့်ပစ်လိုက်ပါသည်။ အန္တရာယ်များသော စွန့်ပစ်ပစ္စည်းများကို နည်းလမ်းတကျ မစွန့်ပစ်ခြင်းဖြင့် Sarah သည် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်လိုက်ပြီး ရေပေးဝေမှုကို ဘေးသင့်စေပါသည်။

## ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို ကာကွယ်ပေးပါသည်

ကျွန်ုပ်တို့အားလုံးတွင် ပတ်ဝန်းကျင်ကို ကာကွယ်ပေးရေးအတွက် ကဏ္ဍတစ်ခုမှ ပါဝင်နေပါသည်။ ကျွန်ုပ်သည် ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများအားလုံးအပြင် Celestica ၏ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကိုလည်း လိုက်နာပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုတစ်ခုခု သို့မဟုတ် ကျွန်ုပ်အား စိတ်ပူရစေသည့် လုပ်ရပ်တစ်ခုခုကို သတိပြုမိပါက၊ ချက်ချင်း သတင်းပေးပို့ပါမည်။

## ကျွန်ုပ်သည် ကောင်းမွန်သော ကော်ပိုရိတ် နိုင်ငံသားဆိုသည့် Celestica ၏ ဂုဏ်သတင်းကို ကာကွယ်ပေးပါသည်

ကျွန်ုပ်တို့၏ ရုံးခန်းများနှင့် အဆောက်အဦများ ပြင်ပတွင်ပင် ကျင့်ဝတ်ညီစွာ ပြုမူရန်နှင့် လုပ်ငန်းကို မျှတပြီး ကျင့်ဝတ်ညီစွာ ပြုမူကြောင်း သေချာစေရန် ကျွန်ုပ်တို့၏ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုပါသည်။ Responsible Business Alliance (RBA၊ တာဝန်သိသော လုပ်ငန်း မဟာမိတ်) အဖွဲ့ဝင်တစ်ဦးအဖြစ် ကျွန်ုပ်တို့သည် အီလက်ထရွန်နစ်လုပ်ငန်းနယ်ပယ်အတွက် ကျင့်ဝတ်စည်းကမ်းကို ပံ့ပိုးကူညီပေးပြီး အားပေးထောက်ခံပါသည်။ RBA အပြင် ၎င်း၏ အဖွဲ့ဝင်များနှင့်အတူ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းနယ်ပယ်အတွင်း ပတ်ဝန်းကျင်ဆိုင်ရာနှင့် အလုပ် အခြေအနေများကို တိုးမြှင့်သွားရန် ကြိုးစားလုပ်ကိုင်နေပါသည်။ ကျွန်ုပ်တို့သည် RBA ကျင့်ဝတ်စည်းကမ်းအပေါ် ကျွန်ုပ်တို့၏ လေးစားလိုက်နာမှုကို လုပ်ငန်းတွင်းနှင့် လုပ်ငန်းပြင်ပ စိစစ်အကဲဖြတ်ချက်များ ပေါင်းစပ်မှုဖြင့် တိုင်းတာပါသည်။

# ကျွန်ုပ်တို့၏ အဖိုးတန်ပစ္စည်းများကို ကာကွယ်ခြင်း

### ပိုင်ဆိုင်မှုဆိုင်ရာနှင့် လျှို့ဝှက်ချက်ဆိုင်ရာ အချက်အလက်များ၏ ဥပမာများ

- လုပ်ငန်း၊ ငွေကြေးပိုင်း၊ ဈေးကွက်ရှာဖွေရေးနှင့် ဝန်ဆောင်မှု အစီအစဉ်များ
- လစာဒေတာ သို့မဟုတ် ဆေးဘက်ဆိုင်ရာ မှတ်တမ်းများကဲ့သို့ ဝန်ထမ်း အချက်အလက်များ
- ဖောက်သည် စာရင်းများ
- ဖောက်သည် သို့မဟုတ် အလားအလာရှိသော ဒေတာများ
- မူပိုင်ခွင့်များ၊ မှတ်ပုံတင်မူပိုင်များ၊ ကုန်သွယ်လျှို့ဝှက်ချက်များ၊ ကုန်ထုတ်လုပ်ရေး လုပ်ငန်းစဉ်များ သို့မဟုတ် ဆော့ဖ်ဝဲ

### ပိုင်ဆိုင်မှုဆိုင်ရာနှင့် လျှို့ဝှက်ချက်ဆိုင်ရာ အချက်အလက်များကို ကျွန်ုပ် ကူညီကာကွယ်ပေးနိုင်သည့် နည်းလမ်းများ

- လျှို့ဝှက် အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ Celestica ပြင်ပရှိ လူတစ်ဦးတစ်ယောက်ထံသို့ မည်သည့်အခါမျှ ထုတ်မပေးရ
- လျှို့ဝှက် အချက်အလက်များကို အခြားဝန်ထမ်းများထံသို့ တရားဝင် လုပ်ငန်းရည်ရွယ်ချက်များအတွက်သာ သိထားရန်လိုအပ်သလောက် ထုတ်ဖော်ပေးပါ
- ပြိုင်ဘက်တစ်ဦးကို အကျိုးအမြတ်ရစေနိုင်သည့် သို့မဟုတ် ပေါက်ကြားသွားပါက Celestica ကို အန္တရာယ်ဖြစ်စေနိုင်သည့် အချက်အလက်အားလုံးကို လျှို့ဝှက်ထားပါ
- ထိခိုက်လွယ်သော အချက်အလက်များကို သော့ခတ်ထားသော ဖိုင်များ သို့မဟုတ် အံဆွဲများထဲတွင် သိမ်းထားပါ
- အီလက်ထရွန်နစ်နည်းလမ်းဖြင့် ထပ်ဆင့်ပေးပို့သော လျှို့ဝှက် အချက်အလက်များကို မပို့ခင် ကုဒ်ပြောင်းဝှက်ပေးရန် လိုအပ်ပါသည်။ ကုဒ်ပြောင်းဝှက်ရန် စကားဝှက်စာစုကို အသုံးပြုထားပါက ၎င်းကို သီးခြား အီးမေးလ်တစ်စောင့်ဖြင့် လက်ခံရရှိသူထံသို့ ပေးပို့ပါ။

Celestica ရှိ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ထံသို့ အပ်နှင်းထားသော အဖိုးတန်ပစ္စည်းများနှင့် သတင်းအချက်အလက်များကို ဆုံးရှုံးမှု၊ ပျက်စီးမှု၊ တလွဲသုံးစွဲမှု သို့မဟုတ် ခိုးယူမှုရန်မှ ကာကွယ်ပေးရန် တာဝန် ရှိပါသည်။ ကျွန်ုပ်သည် Celestica အဖိုးတန်ပစ္စည်းများ သို့မဟုတ် သတင်းအချက်အလက်များကို ဥပဒေများ သို့မဟုတ် ကုမ္ပဏီ မူဝါဒကို ချိုးဖောက်သော ရည်ရွယ်ချက်များအတွက် မည်သည့်အခါမျှ အသုံးမပြုပါ။

## ကျွန်ုပ်သည် ကျွန်ုပ်တို့၏ အဖိုးတန်ပစ္စည်းများကို လေးစားပြီး ကာကွယ်ပေးပါသည်

ငွေကြေးများ၊ ထုတ်ကုန်များ၊ စက်ကိရိယာ၊ စနစ်များ၊ ပံ့ပိုးမှုအင်္ဂါရပ်များနှင့် ပေးသွင်းပစ္စည်းများကဲ့သို့ Celestica ၏ အဖိုးတန်ပစ္စည်းများကို လုပ်ငန်းနှင့် စီမံခန့်ခွဲရေးက အတည်ပြုထားသော အခြား ရည်ရွယ်ချက်များအတွက်သာ အသုံးပြုရမည်ကို ကျွန်ုပ်နားလည်ပါသည်။ ကျွန်ုပ်သည် ကုမ္ပဏီ အဖိုးတန်ပစ္စည်းများ ခိုးယူမှု၊ ဆုံးရှုံးမှု သို့မဟုတ် တလွဲသုံးမှုကို ကျွန်ုပ်၏ မန်နေဂျာ သို့မဟုတ် လုပ်ငန်းခွင် လုံခြုံရေးအဖွဲ့ထံသို့ ချက်ချင်းသတင်းပေးပို့ရေးအတွက် တာဝန်ရှိပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ အလုပ် တာဝန်များ ပြည့်မီအောင် လုပ်ဆောင်ခြင်းအပေါ် နှောင့်ယှက်သည့် သို့မဟုတ် တားမြစ်နေသည့် ပိုသည်ထက်ပိုသော ပုဂ္ဂိုလ်ရေး ဖုန်းခေါ်ဆိုမှုများ၊ အီးမေးလ်များ သို့မဟုတ် လူမှုကွန်ရက် တူးလ်များ သုံးခြင်းကဲ့သို့ အလုပ်ချိန်အတွင်း ကိုယ်ရေးကိုယ်တာ လှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိပါ။ ကျွန်ုပ်သည် ကုမ္ပဏီ၏ ကွန်ပျူတာများ၊ အီးမေးလ်စနစ်များ သို့မဟုတ် စက်ကိရိယာများကို ပြင်ပလုပ်ငန်းများအတွက် သို့မဟုတ် အခြားသူများအနေနဲ့ မသင့်တော်၊ စော်ကား၊ သို့မဟုတ် မလေးစားဖြစ်နိုင်သည်ဟု မြင်မည့် အကြောင်းအရာများကို ကြည့်ရှုခြင်း၊ ဖန်တီးခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ပေးပို့ခြင်းကဲ့သို့ တရားမဝင်၊ ကျင့်ဝတ်မညီသော လုပ်ဆောင်မှုများအတွက် မည်သည့်အခါမျှ အသုံးမပြုပါ။ ဆော့ဖ်ဝဲအပြင် အခြားအရာများ အပါအဝင် ပြင်ပအဖွဲ့အစည်း အဖိုးတန်ပစ္စည်းများအားလုံးကို ပေးသွင်းမှုကွင်းဆက် စီမံခန့်ခွဲရေး အဖွဲ့အစည်းမှတစ်ဆင့်သာ လိုင်စင်ရယူနိုင်သည် သို့မဟုတ် ဝယ်ယူနိုင်သည်ကို ကျွန်ုပ် နားလည်ပါသည်။ ဝန်ထမ်းများသည် Celestica ၏ သတင်းအချက်အလက် ရင်းမြစ်များ အသုံးပြုခြင်းနှင့်ဆက်စပ်သော Celestica ၏ Acceptable Use Policy (AUP၊ လက်သင့်ခံနိုင်သော အသုံးပြုမှု မူဝါဒ) ကို အကျွမ်းတဝင် ရှိထားရပါမည်။ ဝန်ထမ်းများသည် ဤမူဝါဒနှင့် ဆက်စပ်သော မေးမြန်းမှုတိုင်းအတွက် ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် လုံခြုံရေး မန်နေဂျာထံသို့ ဆက်သွယ်ရပါမည်။

အဖိုးတန်ပစ္စည်းများ၏ ဥပမာများ-

- ကုမ္ပဏီငွေများ
- ကုမ္ပဏီထုတ်ကုန်
- ရုံးသုံးပစ္စည်းများ
- အလုပ်နှင့် အလုပ်ထုတ်ကုန်ဆိုင်ရာ ဝန်ထမ်းများ၏ အချိန်များ
- ကွန်ပျူတာ ဟာ့ဒ်ဝဲ စနစ်များနှင့် ဆော့ဖ်ဝဲ
- တယ်လီဖုန်းများ



- ကြိုးမဲ့ဆက်သွယ်ရေးကိရိယာများ
- ဓာတ်ပုံကူးစက်များနှင့် ဖက်စ် စက်ကိရိယာများ
- ကုမ္ပဏီယာဉ်များ
- ကုမ္ပဏီကုန်အမှတ်တံဆိပ်များ
- ပုံနှိပ်ထားသော စာရွက်စာတမ်းများ

Celestica တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များ၊ လုပ်ငန်းမိတ်ဖက်များ၊ ဖောက်သည်များနှင့် ပစ္စည်းသွင်းသူများ၏ သီးသန့်တည်ရှိမှုကို လေးစားလိုက်နာပါသည်။ ကျွန်ုပ်၏ နေ့စဉ် အလုပ်ဘဝတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များ၊ ပစ္စည်းသွင်းသူများ သို့မဟုတ် Celestica နှင့်ပတ်သက်သော ကိုယ်ရေးကိုယ်တာနှင့် လုပ်ငန်း အချက်အလက်များကို ထုတ်ပေးရနိုင်ပါသည်။ ဤသတင်းအချက်အလက်သည် အတွင်းရေးဖြစ်ပြီး ပိုင်ဆိုင်မှုဆိုင်ရာ ဖြစ်သောကြောင့် ၎င်းကို နည်းလမ်းတကျ အမှတ်အသားပြုခြင်း၊ လုံခြုံစွာထားခြင်းနှင့် အလုပ်လုပ်ရန် လိုအပ်သူများအတွက် ဝင်သုံးခွင့်ပေးထားခြင်းဖြင့် ကာကွယ်ပေးထားရန်မှာ ကျွန်ုပ်၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်သည် တရားဝင် လုပ်ငန်း ရည်ရွယ်ချက်များအတွက်သာ ဤအချက်အလက်များကို စုဆောင်း၊ အသုံးပြုပြီး စီစဉ်လုပ်ဆောင်ပါသည်။ ကျွန်ုပ်သည် ကိုယ်ရေး အချက်အလက်များကို Celestica ၏ သီးသန့်တည်ရှိမှု မူဝါဒများ၊ သီးသန့်တည်ရှိမှု ဥပဒေများအပြင် လုပ်ငန်းနယ်ပယ် အကောင်းဆုံး အလေ့အထများနှင့်အညီ တာဝန်သိစွာ ကိုယ်တွယ်ဆောင်ရွက်ပြီး ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ခြင်းကို ကြိုတင်ကာကွယ်ရန် ဂရုစိုက်လုပ်ဆောင်ပါသည်။ ကျွန်ုပ်သည် Celestica ၏ သီးသန့်တည်ရှိမှု မူဝါဒများကို လိုက်နာရန် လိုအပ်ကြောင်းကို ကျွန်ုပ် နားလည်ပါသည်။ ကျွန်ုပ်၏ အလုပ်အကိုင် အဆုံးသတ်သွားလျှင်ပင် Celestica ၏ ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များ၏ လျှို့ဝှက်ရေးကို ကာကွယ်ပေးရန် ကျွန်ုပ်၏ တာဝန် ဆက်ရှိနေပါသည်။

## Celestica သည် ကျွန်ုပ်၏ သီးသန့်တည်ရှိမှုကို လေးစားလိုက်နာသည်ကို ကျွန်ုပ် သိနားလည်ပါသည်။

ပုံမှန် လုပ်ငန်း လုပ်ကိုင်မှုအတွင်း Celestica သည် Celestica အတွက် ကျွန်ုပ်တို့၏ အလုပ် သို့မဟုတ် ရှေ့လာမည့် အလုပ်နှင့် ဆက်စပ်သော ဝန်ထမ်းများဆိုင်ရာ ကိုယ်ရေးဒေတာများကို စုဆောင်းပြီး ထိန်းသိမ်းထားရှိပါသည်။ လုပ်ငန်းတွင်း လုပ်ငန်းသဘောအရ သိထားရန်လိုအပ်သော လူများအတွက်သာ ကျွန်ုပ်၏ ဒေတာများ ရယူအသုံးခွင့်ကို ကန့်သတ်ခွင့်ပြုပေးထားသည်ကို သိထား၍ စိတ်သက်သာရာရပါသည်။ ကျွန်ုပ်၏ ကိုယ်ရေးဒေတာများကို တရားဝင်သော သို့မဟုတ် Celestica ၏ သီးသန့်တည်ရှိမှု မူဝါဒများတွင် တစ်နည်းနည်းဖြင့် ချမှတ်ထားသော လုပ်ငန်း ရည်ရွယ်ချက်များအတွက်သာ ပြည်တွင်းနှင့် ပြည်ပတွင် ထပ်ဆင့်ပေးပို့နိုင်သည်ကို ကျွန်ုပ် သိနားလည်ပါသည်။ ကျွန်ုပ်၏ ကိုယ်ရေးဒေတာများကို Celestica ၏ သီးသန့်တည်ရှိမှု မူဝါဒများနှင့်အညီ ပြင်ပအဖွဲ့အစည်းများထံသို့ ထုတ်ဖော်ပေးနိုင်သည်ကို ကျွန်ုပ် သိနားလည်ပါသည်။

### အတွင်းရေးနှင့် ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို မလျော်ကန်စွာ ထုတ်ပေးခြင်း၏ ပုံစံများ...

အလားအလာရှိသော ဖောက်သည်တစ်ဦးသည် Celestica အား ကုမ္ပဏီတစ်ခုတည်းက ထုတ်လုပ်ရောင်းချသော စားသုံးသူ ထုတ်ကုန်သစ်၏ ဆိုစျေးအတွက် တောင်းဆိုချက်တစ်ခုကို တင်သွင်းရန် တောင်းဆိုခဲ့ပါသည်။ လုပ်ငန်းခွင်လေ့လာရေးခရီးတွင် ဖောက်သည်သည် လုံးဝပြုပြင်ပြောင်းလဲမှုဟု Mary ထင်မြင်သည့် မကြာခင် ဖြန့်ချိတော့မည် ထုတ်ကုန်တစ်ခုအကြောင်း Mary အား ပြောပြပါသည်။ သူမသည် သူမ၏ သူငယ်ချင်းဖြစ်သူ နည်းပညာ သတင်းသမားကို ထုတ်ကုန်အကြောင်း စိတ်လှုပ်ရှားစွာ ပြောပြလိုက်ပါသည်။ သတင်းအချက်အလက်များ ထုတ်ပေးခြင်းဖြင့် Mary သည် သူမ၏ လျှို့ဝှက်ရေး တာဝန်များကို ချိုးဖောက်ခဲ့ပြီး ထုတ်ကုန် စတင်မိတ်ဆက်ပွဲကို ဆုံးရှုံးမှု ဖြစ်စေခဲ့ပါသည်။

### ဖောက်သည် သတင်းအချက်အလက်များကို ကာကွယ်ပေးရန် ပျက်ကွက်ခြင်း၏ ပုံစံများ...

Dean သည် Celestica ၏ ဖောက်သည်များနှင့် ပတ်သက်သော ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များအတွက် တာဝန်ရှိပြီး ရုံးခန်းမှ သူ မထွက်ခွာခင် သူ့ဖိုင်များကို လော့ခ်ချထားသော အံဆွဲထဲတွင် သေချာ ထည့်ထားရန် အထူး ဂရုစိုက်လေ့ရှိပါသည်။ တစ်ညနေခင်းတွင် Dean သည် သူ့သမီးလေး၏ အကစွမ်းရည်ပြပွဲသို့ သွားရန် အလျင်လိုနေခဲ့ပြီး ဖောက်သည်စာရင်းများ ပါဝင်သော ဖိုင်တစ်ခုကို သူ့စားပွဲပေါ်တွင် အမှုမဲ့အမှတ်မဲ့ ထားခဲ့မိသည်။ Dean သည် သူ့ ဖောက်သည်များ၏ လူသိရှင်ကြားမဟုတ်သော သတင်းအချက်အလက်များကို ကာကွယ်ပေးရမည့် သူ့တာဝန်အပေါ် ပေါ့ဆမိခဲ့သည်။

# ဥပဒေ၊ ကိုယ်ရေးအချက်အလက်များနှင့် ချိုးဖောက်မှုများကို လိုက်နာခြင်း

**မလျော်ကန်သော ထုတ်ပြောမှု ပုံစံများ...**

Scott သည် Celestica ၏ သုံးလပတ် ရလဒ်များသည် ပြီးခဲ့သော သုံးလပတ်နှင့်ယှဉ်လျှင် သိသိသာသာ တိုးတက်လာသည်ကို ကြားသိရ၍ စိတ်လှုပ်ရှားနေပါသည်။ ဂုဏ်ယူ စိတ်လှုပ်ရှားစွာဖြင့် သူသည် သူ့မိဘများထံသို့ ဖုန်းခေါ်ဆိုပြီး ကုမ္ပဏီတွင် အစုရှယ်ယာများ ပိုမိုဝယ်ယူရန် တိုက်တွန်းအားပေးခဲ့သည်။ သုံးလတာ ဝင်ငွေများကို လူသိရှင်ကြား ကြေညာရန် တစ်ပတ်ကျော် လိုပါသေးသည်။ Scott သည် အလွန်အရေးကြီးသော သတင်းအချက်အလက်များကို မလျော်ကန်စွာ ထုတ်ပြောမိခဲ့သည်။

ကမ္ဘာအနှံ့တွင်လုပ်ကိုင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကျွန်ုပ်တို့ ကုမ္ပဏီသည် ဥပဒေများ၊ စည်းကမ်းများနှင့် စည်းမျဉ်းများစွာကို လိုက်နာရပြီး ၎င်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည်ဟု ကတိကဝတ်ပြုထားပါသည်။ Celestica ဝန်ထမ်းတစ်ဦးအဖြစ် ကျွန်ုပ်သည် ဥပဒေရေးရာ ကျွမ်းကျင်သူတစ်ဦး ဖြစ်ရန်မလိုအပ်ပါ၊ သို့သော် ကျွန်ုပ်၏ ရာထူးနှင့် သက်ဆိုင်သော ဥပဒေများ၊ စည်းကမ်းချက်များနှင့် စည်းမျဉ်းများကို နားလည်သိရှိပြီး လိုက်နာပြီး အကြံဉာဏ်ရယူရမည့်အချိန်ကို သိထားရန် လိုအပ်ပါသည်။

## အများပိုင်ကုမ္ပဏီ ဝန်ထမ်းတစ်ဦးအဖြစ် ကျွန်ုပ်၏ တာဝန်ကို ကျွန်ုပ် နားလည်ပါသည်

Celestica ကဲ့သို့ အများပိုင်ကုမ္ပဏီများတွင် အချို့သော ဥပဒေရေးရာနှင့် စည်းကမ်းထိန်းသိမ်းရေး တာဝန်များ ရှိပါသည်။ Celestica ဝန်ထမ်းတစ်ဦးအဖြစ် ကျွန်ုပ်သည် ဝင်ငွေ ကြိုတင်ခန့်မှန်းချက်များအတွက် ပြန်လည်သုံးသပ်မှုများ၊ ငွေကြေးရလဒ်များ၊ ပြန်လည်တည်ဆောက်ရေး၊ ပေါင်းစည်းမှုများနှင့် ဝယ်ယူမှုများ၊ စီမံခန့်ခွဲရေး အပြောင်းအလဲများ သို့မဟုတ် ထုတ်ကုန်သစ်များကဲ့သို့ Celestica ၏ စတော့ရှယ်ယာ ဈေးနှုန်းအပေါ် သက်ရောက်မှုရှိနိုင်ပြီး လူသိရှင်ကြား မသိရှိနိုင်သေးသည့် လျှို့ဝှက် သတင်းအချက်အလက်များကို သိရှိခွင့် ရှိနိုင်ပါသည်။ ၎င်းတွင် အခြားသော အများပိုင်ကုမ္ပဏီများ၏ စတော့ရှယ်ယာများနှင့် ဆက်စပ်သော သတင်းအချက်အလက်များလည်း ပါဝင်နိုင်ပါသည်။ ဤသတင်းအချက်အလက်များကို "အလွန်အရေးပါသော သတင်းအချက်အလက်များ" အဖြစ် သိထားသော အချက်အလက်များအဖြစ် မှတ်ယူသင့်ပါသည်။ ကျွန်ုပ်၏ သို့မဟုတ် သူငယ်ချင်းများနှင့် မိသားစု အပါအဝင် အခြားလူတစ်ဦးဦး၏ ကိုယ်ပိုင် ငွေကြေး အကျိုးခံစားခွင့်အတွက် Celestica နှင့် ပတ်သက်သည့် "အလွန်အရေးပါသော သတင်းအချက်အလက်များ" ကို မည်သည့်အခါမျှ ထုတ်ဖော်ခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရမည်ကို ကျွန်ုပ် နားလည်ပါသည်။

Celestica အပါအဝင် ကုမ္ပဏီတစ်ခုခုနှင့် ပတ်သက်ပြီး မထုတ်ဖော်ရသေးသည့် "အလွန်အရေးပါသော သတင်းအချက်အလက်များ" ကို ကျွန်ုပ် သိရှိထားသည့်အခါ ထိုကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ်များကို ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း၊ ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းခြင်း သို့မဟုတ် အခြားလူများအား ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အကြံပေးခြင်း၊ အကြံပြုခြင်း သို့မဟုတ် တိုက်တွန်းအားပေးခြင်းသည် တရားမဝင်ကြောင်းကိုလည်း ကျွန်ုပ် နားလည်ပါသည်။ ကျွန်ုပ်သည် Celestica တွင် အစုရှယ်ယာများ ရောင်းဝယ်ခွင့်မရှိသည့်အပြင် Celestica နှင့်အတူ လုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို ရောင်းဝယ်ခြင်းမှလည်း မကြာမကြာ တားမြစ်ခံရနိုင်ပါသည်။ ဥပမာ၊ Celestica သည် အခြား ကုမ္ပဏီတစ်ခုကို ဝယ်ယူရန် လုပ်ဆောင်နေကြောင်းကို ကျွန်ုပ် သိရှိရပါက၊ ကျွန်ုပ်သည် သတင်းအချက်အလက်များကို လူသိရှင်ကြား မထုတ်ဖော်မချင်း အဆိုပါ ကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ်များကို ရောင်းဝယ်ခြင်း မပြုလုပ်နိုင်ပါ။

မသေချာပါက ကျွန်ုပ်သည် ကျွန်ုပ်တို့၏ ကော်ပိုရိတ် ထုတ်ဖော်မှု မူဝါဒနှင့် အတွင်းလူ ရောင်းဝယ်ရေး မူဝါဒကို ကိုးကားဖတ်ရှုပါသည် သို့မဟုတ် compliance@celestica.com သို့ အီးမေးလ်ပို့ပါသည်။

အတွင်းလူ ရောင်းဝယ်ခြင်းအပေါ် ဥပဒေရေးရာ ကန့်သတ်ချက်များအပြင် Celestica သည် ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် Celestica အစုရှယ်ယာလက်မှတ်များကို ကျွန်ုပ် ရောင်းဝယ်ပိုင်ခွင့်အပေါ် အချိန်ကာလတစ်ခုအထိ ကန့်သတ်တားမြစ်သည့် မူဝါဒများကိုလည်း ထုတ်ပြန်နိုင်သည်ကို ကျွန်ုပ် နားလည်ပါသည်။ အဆိုပါ မူဝါများကို လိုက်နာဆောင်ရွက်ရန်မှာ ကျွန်ုပ်၏ တာဝန်ဖြစ်သည်ကို ကျွန်ုပ် နားလည်ပါသည်။

**ကျွန်ုပ်သည် ဘေးကင်းပြီး ကျင့်ဝတ်ညီသော ပတ်ဝန်းကျင်တွင် လုပ်ကိုင်ရခြင်းအတွက် ဂုဏ်ယူ**



**ပါသည်။**

Celestica သည် ကျွန်ုပ်တို့အားလုံးအတွက် ဘေးကင်းပြီး ကျင့်ဝတ်ညီသော အလုပ် ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးပေးရန် ကတိပြုထားပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အောက်ပါလုပ်ရပ်များကို သိထား၍ စိတ်သက်သာရာရပါသည်-

- ဝန်ထမ်းအားလုံးအား ဒေသန္တရ ဥပဒေများက သတ်မှတ်ထားသော အနိမ့်ဆုံး လုပ်အားခ ပေးပါသည်
- တရားဝင် ထုတ်ပြန်ထားပြီးသော အကျိုးခံစားခွင့်များကို ဝန်ထမ်းအားလုံးထံသို့ ပေးပါသည်
- အဓမ္မခိုင်းစေသော၊ အကြွေးခုနှိမ်ပေးမည်ဆို၍ ခိုင်းစေသော သို့မဟုတ် ချုပ်နှောင်ထားသော လုပ်သားများကို လုံးဝ အသုံးမပြုပါ
- အလုပ်အကိုင်အတွက် အနိမ့်ဆုံး အသက် သတ်မှတ်ချက်များကို လိုက်နာပါသည်

## ကျွန်ုပ်သည် နိုင်ငံတကာ ကုန်သွယ်မှု ထိန်းချုပ်ရေးစည်းကမ်းများကို လိုက်နာပါသည်

ကျွန်ုပ်သည် Celestica ဝန်ထမ်းတစ်ဦးအဖြစ် သွင်းကုန်နှင့် ပို့ကုန် လုပ်ငန်းများ ဆောင်ရွက်သောအခါ သို့မဟုတ် ထိုအလုပ်များတွင် ပါဝင်သောအခါ၊ မှန်ကန်သော လိုင်စင်ရယူခြင်း၊ ပို့ဆောင်ခြင်း၊ မှတ်တမ်းမှတ်ရာထားခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် မှတ်တမ်းများ ထိန်းသိမ်းခြင်း လုပ်ထုံးများကို လိုက်နာခြင်း အပါအဝင် သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများအားလုံးကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရမည့် တာဝန် ရှိပါသည်။ ကျွန်ုပ်သည် ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှု ထိန်းချုပ်ရေးစည်းကမ်းများအားလုံးကို အချိန်တိုင်း လိုက်နာစောင့်ထိန်းရန် ကတိပြုထားပါသည်။ သွင်းကုန် သို့မဟုတ် ပို့ကုန် ပြဿနာတစ်ရပ်နှင့် စပ်လျဉ်းပြီး သံသယရှိပါက၊ Celestica ၏ သွင်းကုန်/ပို့ကုန် မူဝါဒများနှင့် လုပ်ထုံးများကို ဖတ်ရှုနိုင်ကြောင်း သို့မဟုတ် ကျွမ်းကျင်ရှုပ်ထွေးသော နယ်မြေအတွင်း အလုပ်လုပ်နေသည့် ကျွန်ုပ်တို့၏ လုပ်ငန်းတွင်းနှင့် လုပ်ငန်းပြင်ပမှ အဖွဲ့များထံမှ အကြံဉာဏ်ရယူနိုင်ကြောင်းကို သိနားလည်ပါသည်။

## မလိုက်နာခြင်း၏ အကျိုးဆက်များကို ကျွန်ုပ် နားလည်ပါသည်

ကျွန်ုပ်တို့အားလုံးသည် ဥပဒေများအပြင် BCG အပါအဝင် Celestica မူဝါဒများကို လိုက်နာရန် အတွက် တာဝန်ရှိပါသည် ကျွန်ုပ်တို့ ထိုသို့လုပ်ရန် ပျက်ကွက်ပါက Celestica သည် ချက်ချင်းလက်ငင်း အလုပ်ထုတ်ပစ်ခြင်းအထိ အပါအဝင် ကျွန်ုပ်အပေါ် စည်းကမ်းနှင့်အညီ အရေးယူနိုင်သည်ကို ကျွန်ုပ် နားလည်ပါသည်။ အချို့သော ဖြစ်ရပ်များတွင် ကျွန်ုပ်၏ လုပ်ရပ်က BCG ကို ချိုးဖောက်သောအခါ ၎င်းသည် ဥပဒေကိုလည်း ချိုးဖောက်ရာရောက်ပါသည်။ ဤချိုးဖောက်မှုများအတွက် တရားစွဲဆိုခြင်း၊ ထောင်ချခြင်းနှင့် ငွေဒဏ်သင့်ခြင်း ခံရနိုင်သည်ကို ကျွန်ုပ် နားလည်ပါသည်။ ဥပဒေများ ချိုးဖောက်မှုများ ရှိပါက Celestica သည် သက်ဆိုင်ရာ အာဏာပိုင်များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်ကို ကျွန်ုပ် သိနားလည်ပါသည်။ ထို့ပြင်၊ Celestica သည် ကုမ္ပဏီအနေဖြင့် ဆုံးရှုံးမှုတစ်ရပ် ကြုံတွေ့ခံစားရပါက တာဝန်ရှိသော လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများထံမှ ကုစားငွေများ တောင်းခံခွင့် ရှိသည်ကို ကျွန်ုပ် သိနားလည်ပါသည်။

### ကုန်သွယ်မှု ထိန်းချုပ်ရေးစည်းကမ်းများ ချိုးဖောက်မှု ပုံစံများ...

John သည် နိုင်ငံခြားသို့ ပို့ဆောင်ရန် စီစဉ်ထားသော ဘူးအမြောက်အများအတွက် မှတ်တမ်းရေးသွင်းခြင်းကို အပြီးသတ်လိုက်ပြီး ပို့ဆောင်မှုကို အပြီးသတ်လုပ်ဆောင်ရန် အလျင်လိုနေခဲ့သည်။ သူသည် မပို့ဆောင်ခင် Country of Origin (COO၊ ပို့လိုက်သည့်နိုင်ငံ) မှန်ကန်မှုရှိ၊ မရှိကို အတည်မပြုခဲ့ဘဲ သတင်းအချက်အလက်များ မှားနေခဲ့သည်။ John ၏ မတိကျသော မှတ်တမ်းရေးသွင်းခြင်းက သွင်းကုန်/ပို့ကုန် စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည်။

# ဖွင့်ဟထုတ်ပြောခြင်း သို့မဟုတ် အကူအညီတောင်းခြင်း

## ကျွန်ုပ်သည် ချိုးဖောက်မှုများကို သတင်းပို့ရမည့် ကျွန်ုပ် တာဝန်ကို သိနားလည်ပါသည်

ကျွန်ုပ်သည် Celestica ၏ ကျင့်ဝတ်စံနှုန်းများကို လက်ကိုင်ပြုထားရန် တာဝန် ရှိပြီး ကျွန်ုပ်တို့ ကုမ္ပဏီသည် ကျွန်ုပ် လိုအပ်သော လမ်းညွှန်ချက်များ ပေးသွားရန်၊ ကျွန်ုပ်၏ မေးခွန်းများကို ဖြေကြားပေးရန်နှင့် သတင်းပို့ရေး နည်းလမ်းများစွာကို ပေးထားရန် ကတိပြုထားပါသည်။ ကျွန်ုပ်အား စိတ်ပူပန်စေသော သို့မဟုတ် ဥပဒေတစ်ခုခု၊ BCG သို့မဟုတ် အခြား Celestica မူဝါဒများကို ချိုးဖောက်သည်ဟု ကျွန်ုပ် သံသယဖြစ်သော အပြုအမူတွင် ကျွန်ုပ် ပါဝင်နေပါက သို့မဟုတ် ထိုအပြုအမူကို ကျွန်ုပ် တွေ့မြင်မိပါက၊ ပြဿနာကို ကျွန်ုပ်၏ မန်နေဂျာထံသို့ ချက်ချင်း တင်ပြပါသည်၊ [compliance@celestica.com](mailto:compliance@celestica.com) သို့ အီးမေးလ်ပို့ပါသည် သို့မဟုတ် Ethics Hotline (ကျင့်ဝတ်များ သီးသန့်ဖုန်းလိုင်း) ကို ဖုန်းခေါ်ဆိုပါသည်။ ထိုသို့လုပ်ခြင်းသည် ထိုပြဿနာက ဥပဒေ ချိုးဖောက်မှု သို့မဟုတ် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ကျန်းမာရေး၊ လုံခြုံရေး သို့မဟုတ် ဂုဏ်သတင်းအပေါ် ထိခိုက်မှု မဖြစ်ခင် Celestica အား ပြဿနာကို ကိုင်တွယ်ကာ ပြင်ဆင်တည့်မတ်နိုင်စေပါသည်။

BCG ကို ကျွန်ုပ်တို့၏ လုပ်ရပ်များနှင့် ဆုံးဖြတ်ချက်များအတွက် လမ်းညွှန်ချက်အဖြစ် အသုံးပြုရန်လည်း ရည်ရွယ်ထားပါသည်။ သို့သော် ဥပဒေရေးရာ သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာ ပြဿနာများ ပါဝင်သော ဆုံးဖြတ်ချက်များ သို့မဟုတ် အခြေအနေများသည် ရှုပ်ထွေးလေ့ရှိပြီး တစ်ခါတစ်ရံ မရှင်းလင်းပါ။ သို့ဖြစ်ပါ၍ မေးခွန်းများ မေးခြင်း သို့မဟုတ် စိုးရိမ်မှုများကို သတင်းပို့ခြင်းအတွက် ရနိုင်သော နည်းလမ်းများစွာကို ထားရှိရပါသည်။ ကျွန်ုပ် လုပ်နိုင်သောအရာများ-

1. **ကျွန်ုပ်၏ မန်နေဂျာနှင့် စကားပြောပါ။** သူ သို့မဟုတ် သူမသည် ကျွန်ုပ်၏ မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများကို အမြဲတမ်း အချိန်ပေး၍ ဆွေးနွေးတိုင်ပင်ပေးပါသည်။

2. **ကျွန်ုပ်တို့၏** “တံခါးဖွင့်” မူဝါဒ ကို သုံးပါ။ ကျွန်ုပ်၏ စိုးရိမ်မှုများကို ယုံကြည်မှုရှိရှိ ဖွင့်ပြောရန် စီမံခန့်ခွဲရေး အဖွဲ့ဝင် သို့မဟုတ် လူသားရင်းမြစ် ကိုယ်စားလှယ် တစ်ဦးဦးထံသို့ လွတ်လပ်စွာ ချဉ်းကပ်နိုင်ပါသည်။

3. **ကျွန်ုပ်တို့၏ Ethics Hotline (ကျင့်ဝတ်များ သီးသန့်ဖုန်းလိုင်း) ကို ဆက်သွယ်ပါ။** စိုးရိမ်မှုများကို ဌာနတွင်း သတင်းပို့ခြင်းအပေါ် စိတ်မသက်မသာခံစားနေရပါက ဤဝန်ဆောင်မှုသည် ကျွန်ုပ်အား အမည်ဝှက်ပေးသော နည်းလမ်းကို ပံ့ပိုးပေးပါသည်။ ကျွန်ုပ်၏ စိုးရိမ်မှုများကို သတင်းပို့ရန် Ethics Hotline (ကျင့်ဝတ်များ သီးသန့်ဖုန်းလိုင်း) ကို ဖုန်းခေါ်ဆိုနိုင်ပါသည်။ ဤဝန်ဆောင်မှုများကို ကျွန်ုပ်၏ ဒေသန္တရဘာသာစကားဖြင့် အသုံးပြုနိုင်ပြီး ၎င်းကို လွတ်လပ်သော ကုမ္ပဏီတစ်ခုက တစ်ပတ်လျှင် 7 ရက်၊ တစ်ရက်လျှင် 24 နာရီလုံး လုပ်ကိုင်ဆောင်ရွက်ပေးနေပါသည်။

4. **ဝဘ်အခြေပြု သတင်းပို့ခြင်းကို သုံးပါ။** ကျွန်ုပ်၏ မန်နေဂျာ သို့မဟုတ် လူသား



ရင်းမြစ်များအဖွဲ့ထံသို့ တိုက်ရိုက် သတင်းပို့ရခြင်းအပေါ် သက်သောင့်သက်သာ မခံစားရပါက၊ စိတ်ချရသော အွန်လိုင်း ဝဘ်အခြေပြု တူးလ်တစ်ခုမှတစ်ဆင့်လည်း Ethics Hotline (ကျင့်ဝတ်များ သီးသန့်ဖုန်းလိုင်း) ကို ဆက်သွယ်နိုင်ပါသည်။ ဤစာမျက်နှာသည် အောက်ပါလိပ်စာတွင် တည်ရှိပါသည် – www.ethics.celestica.com။ ဤနည်းလမ်းကို ကျွန်ုပ်၏ ဒေသန္တရဘာသာစကားဖြင့်၊ တစ်နေ့လျှင် 24 နာရီ၊ တစ်ပတ်လျှင် 7 လုံး ဆက်သွယ်အသုံးပြုနိုင်ကာ ၎င်းကို လွတ်လပ်သော ကုမ္ပဏီက လုပ်ကိုင်ဆောင်ရွက်ပေးနေပါသည်။

## ထိရောက်သော သတင်းပို့ခြင်း

Celestica သည် ဖြစ်နိုင်ခြေရှိသော လုပ်ရပ်အမှား သတင်းပို့ချက်အားလုံးကို အလေးအနက်ကိုင်တွယ်ပြီး ကိစ္စရပ်ကို လျှို့ဝှက် စုံစမ်းစစ်ဆေးသွားပါမည်၊ BCG သို့မဟုတ် ဥပဒေကို ချိုးဖောက်ထား၊ မထား ဆုံးဖြတ်ချက်ချပါမည်၊ ထို့နောက် သင့်လျော်သော ပြုပြင်တည့်မတ်ရေး အရေးယူမှု ပြုလုပ်သွားပါမည်။ BCG စုံစမ်းစစ်ဆေးရေးတွင် ကျွန်ုပ် ပါဝင်လာပါက၊ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး မေးခွန်းအားလုံးကို အကုန်အစင် ရိုးသားစွာ ဖြေကြားပေးရပါမည်။

BCG ကို ချိုးဖောက်သော ဖြစ်ရပ်များ သို့မဟုတ် အပြုအမူများကို ကျွန်ုပ် မြင်တွေ့ရသောအခါ၊ ဖော်ပြပါတို့ အပါအဝင် သက်ဆိုင်ရာ အဖြစ်မှန်များကို တိကျစွာ သတင်းပို့ပါသည်-

- အရေးဆိုထားသော လုပ်ရပ်အမှား၏ ဖော်ပြချက်
- ပါဝင်သောနှင့် ထိခိုက်နစ်နာသော ဝန်ထမ်းများ၏ အမည်
- ဖြစ်ပွားခဲ့သော ဖြစ်ရပ်၏ ရက်စွဲနှင့် တည်နေရာ
- အထောက်အပံ့ စာရွက်စာတမ်းတစ်ခုခု (အီးမေးလ်များ၊ မှတ်တမ်းများ၊ အစီရင်ခံစာများ)

## ရန်တုံ့နှင်းမှုများ

Celestica သည် BCG၊ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများ ချိုးဖောက်မှုဆိုင်ရာ စိုးရိမ်မှုများနှင့် ဖြစ်နိုင်ခြေအလားအလာများကို ခွဲခြားဖော်ထုတ်ပေးသည့် ဝန်ထမ်းများ၏ အကူအညီကို တန်ဖိုးထားပါသည်။ Celestica သည် ဥပဒေ၊ BCG သို့မဟုတ် အခြား မူဝါဒများကို အမှန်တကယ် သို့မဟုတ် သံသယဖြစ်ဖွယ် ချိုးဖောက်မှုကို သဘောရိုးဖြင့် သတင်းပို့သော သို့မဟုတ် သတင်းပို့ထားရသော ချိုးဖောက်မှုများဆိုင်ရာ စုံစမ်းစစ်ဆေးမှုအတွင်း ပူးပေါင်းဆောင်ရွက်သည့် သို့မဟုတ် အကူအညီပေးသည့် လူတစ်ဦးတစ်ယောက်အပေါ် ခြိမ်းခြောက်မှုများ၊ ရန်တုံ့နှင်းမှုများ သို့မဟုတ် လက်တုံ့ပြန်မှု ပုံစံမှန်သမျှကို တားမြစ်ထားသည်ကို ကျွန်ုပ် နားလည်ပါသည်။ Celestica သည် သတင်းအမှားကို တမင် ထုတ်ပေးသော သို့မဟုတ် စွပ်စွဲချက်အမှားများ ပြုလုပ်သော ဝန်ထမ်းများကို အရေးယူပိုင်ခွင့် ရှိသည်ကို ကျွန်ုပ် သိနားလည်ပါသည်။ တားမြစ်ထားသော အပြုအမူတွင် ကျွန်ုပ် ပါဝင်နေပါက၊ ကျွန်ုပ် ကိုယ်တိုင်သတင်းပို့ပေးရန် ကျွန်ုပ်အား တိုက်တွန်းအားပေးထားကြောင်းနှင့် Celestica သည် စည်းကမ်းအတိုင်း အရေးယူမှုနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရာတွင် ထိုလုပ်ရပ်ကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်းကို ကျွန်ုပ် သိနားလည်ပါသည်။

## Ethics Hotline (ကျင့်ဝတ်များ သီးသန့်ဖုန်းလိုင်း) နံပါတ်နှိပ်ခေါ်မှု လမ်းညွှန်ချက်များ

သင် ဖုန်းခေါ်ဆိုသောအခါ သင့်အမည်ကို ထုတ်ပြောစရာမလိုပါ။ တွေ့ဆုံမေးမြန်းမှု အထူးကျွမ်းကျင်သူသည် သင်၏ စိုးရိမ်မှုကို မှတ်တမ်းရေးသွင်းပြီး သတင်းအချက်အလက်များကို နောက်ဆက်တွဲစစ်ဆေးရန် Celestica ထံသို့ ထပ်ဆင့်ပေးပို့ပါမည်။ အောက်ဖော်ပြပါ ဇယားတွင်ပါသော တည်နေရာနှင့် ဖုန်းနံပါတ်(များ)ကို ရှာကြည့်ခြင်းဖြင့် သီးသန့်ဖုန်းလိုင်းကို သင် ဆက်သွယ်နိုင်ပါသည်။

| တည်နေရာ | ဖုန်းနံပါတ် |
|---|---|
| တရုတ် | 400-1204-132 |
| ဟောင်ကောင် | 800-964214 |
| အိန္ဒိယ | 000-800-050-3378 |
| အင်ဒိုနီးရှား | 0800-140-1913 |
| အိုင်ယာလန် | 1-800-903-377 |
| ဂျပန် | 0066-33-11-2505<br>00531-121520 |
| ကိုရီးယား | 00798-1-1-003-8571 |
| လာအို | www.ethics.celestica.com |
| မလေးရှား | 1-800-80-8641 |
| မက္ကဆီကို | 800-681-6906 |
| ဖိလစ်ပိုင် | 1-800-1322-0416 |
| ရိုမေးနီးယား | 001-800-913-4998 |
| စင်ကာပူ | 800-1204201 |
| စပိန် | 900-876041 |
| ထိုင်း | 001-800-12-0665204 |
| အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါ | 1-888-312-2689 |

## နောက်ဆုံးပြင်ဆင်ထားသော ဆက်သွယ်ရန် နံပါတ်များ၏ လတ်တလောအဖြစ်ဆုံး စာရင်းအတွက် www.ethics.celestica.com သို့ ဝင်ကြည့်ပါ။

သင်နေထိုင်ရာ တည်နေရာကို ဘယ်ဘက်ရှိ ဇယားတွင် ဖော်ပြထားခြင်းမရှိပါက၊ Ethics Hotline (ကျင့်ဝတ်များ သီးသန့်ဖုန်းလိုင်း) ကို ခေါ်ဆိုရန် အောက်ပါ ညွှန်ကြားချက်များကို အသုံးပြုပါ-

1 ပြင်ပဖုန်းလိုင်းမှ သင်၏ ဒေသန္တရ အော်ပရေတာကို ဆက်သွယ်ပါ။

2. တန်ပြန် အဖိုးအခ သို့မဟုတ် ဖုန်းလက်ခံဖြေကြားသူက ပေးချေသော ဖုန်းခေါ်ဆိုမှု (ဝန်ဆောင်မှု ရရှိနိုင်မှုအပေါ် မူတည်၍) ကို အမေရိကန်ပြည်ထောင်စု နံပါတ် 503-726-2457 သို့ သတ်မှတ်ထားပေးပါရန် တောင်းဆိုပါ။ တန်ပြန် အဖိုးအခ သို့မဟုတ် ဖုန်းလက်ခံဖြေကြားသူက ပေးချေသော ဖုန်းခေါ်ဆိုမှုကို Ethics Hotline (ကျင့်ဝတ်များ သီးသန့်ဖုန်းလိုင်း) ဝန်ဆောင်မှုပေးသူက လက်ခံပါမည်။ တန်ပြန် အဖိုးအခ သို့မဟုတ် ဖုန်းလက်ခံဖြေကြားသူက ပေးချေသော ဖုန်းခေါ်ဆိုမှုကို သင်နေထိုင်ရာ နိုင်ငံတွင် မရရှိနိုင်ပါက နိုင်ငံတကာ အဝေးပြောခများ ကျသင့်မည်ကို သိမှတ်ထားပေးပါ။

3. အော်ပရေတာက ဖုန်းခေါ်နေသူအမည်ကို မေးလာပါက သင့်ကုမ္ပဏီအမည်ကို ပေးလိုက်ပါ။ သင့်အမည်ကို မပေးပါနှင့်။